ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်၊ စနေနေ့၊ (14-1-2012) (၇၀၀၄)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော် ထာဝရတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ဆန့်ကျင်မှုများ ထာဝရချုပ်ငြိမ်းရေးကြိုးပမ်းမှုများ တိုးတက်မှုရရှိနေ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နိုင်ငံတကာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ အလေးထားဆောင်ရွက်လျက်ရှိ လာမည့်ဘဏ္ဍာရေးနှစ်မှစ၍ ဝေးလံခက်ခဲသောဒေသနေဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးနိုင်ရန် စီမံဆောင်ရွက်နေ

နေပြည်တော် ဇန်နဝါရီ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလွင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr. V.S Seshadri နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့ရာ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ခန္တီးမြို့သို့ ရောက်ရှိသည်။

ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များအား တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးစောမြင့်ဦး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးရှုစံကြူး၊ ဒေသတွင်းမှ ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ခန္တီးလေဆိပ်၌ ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ခန္တီးမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ခန္တီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သန်းတို့က သက်ဆိုင်ရာ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ◆**

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ခန္တီးမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တရားသူကြီးများသည် တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရန် တာဝန်ရှိသူများဖြစ် တာဝန်ကို မှန်မှန်ကန်ကန် တည်တည့်မတ်မတ် အဂတိတရားကင်းစွာဖြင့် ဆောင်ရွက်

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၃

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၇ သို့❖

ကြေးမုံစာတည်းရှုထောင့် ၁၄-၁-၂၀၁၂[စနေနေ့]။

ကြုံတောင့် ကြုံခဲ ဝမ်းမြောက်ပွဲ

မင်္ဂလာရှိသော နေ့တစ်နေ့ဟု ဆိုရမည်ဖြစ်သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းမှုကို ဖော်ဆောင်ရေးအတွက် လည်းကောင်း၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် လည်းကောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များ တွင် အားလုံးပါဝင်နိုင်ခွင့် ရရှိစေရေးအတွက် လည်းကောင်း၊ လူသားချင်း စာနာထောက်ထားမှုကို အလေးပေးသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့် စေတနာတို့ကို နားလည်ကြပြီး နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်ပံ့ဖြစ်စေသည့် နိုင်ငံသားများ အဖြစ်သို့ ပြုပြင်ပြောင်းလဲနိုင်စေရေးအတွက် လည်းကောင်း ရည်ရွယ်၍ အကျဉ်းထောင်အသီးသီး၌ အပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၆၅၁ ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်ကြောင်း သတင်းကို ကြားသိလိုက်ရပေသည်။

အကျဉ်းကျခံဘဝမှ လွတ်မြောက်မှုသည် လူသားအားလုံးအတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်မှာ အမှန်ပင်ဖြစ်သည်။ ဘာသာရေးအရ ကြည့်လျှင် အသက်လွှတ်ခြင်း၊ အသက်တစ်ချောင်းကို ကယ်တင်ခြင်းတို့သည် အလွန်ထူးမြတ်သော ကုသိုလ်ကောင်းမှုကို ပြုလုပ်ခြင်းပင်ဖြစ်သည်။ လူမှုရေး အရကြည့်လျှင် မိမိ မိသားစု၊ မိမိအပေါင်းအသင်းမိတ်ဆွေ၊ မိမိပတ်ဝန်းကျင် တို့အတွက် အတိုင်းမသိ ဝမ်းသာပီတိဖြစ်မိကြမည်မှာ မလွဲချေ။

မည်သည့်ဘာသာ၌မဆို မေတ္တာထားရန်၊ ကရုဏာစိတ်မွေးရန် ဆိုဆုံးမ စမြဲပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူပြည်သားများအပေါ် မေတ္တာ၊ ကရုဏာရှေ့ထားပြီး မိမိတို့၏ ရင်ဝယ်သားကဲ့သို့ သဘောထားကာ ပြစ်ဒဏ်များမှ လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းတို့ကို ဆက်တိုက်ပြုလုပ်ပေးခဲ့ပေသည်။ ဤသို့ စေတနာထားဆောင်ရွက်ပေးခဲ့သဖြင့် ပြည်သူတို့၏ နိုင်ငံတော်အပေါ် ထားရှိသည့် ကျေးဇူးတင်မှု တုံ့ပြန်ပဲ့တင်သံများ ပျံ့လွင့်ခဲ့သည်။

နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ခြင်းသည် နိုင်ငံတော်ကို ကျေးဇူးတင်ခြင်း လည်းမည်သည်။ မမှားသောရှေ့နေ မသေသောဆေးသမားဆိုသကဲ့သို့ ဖြစ်စဉ် ဖြစ်ရပ် အကြောင်းအရပ်အမျိုးမျိုးရှိသည့်အနက် မှားသည်ဖြစ်စေ၊ မမှားသည် ဖြစ်စေ အတိတ်ကိုအတိတ်မှာပင်ထားခဲ့ပြီး စိတ်သစ်လူသစ်၊ ဘဝသစ်ကို တည်ဆောက်ကာ နိုင်ငံနှင့် လူမျိုးအကျိုးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့သာဖြစ်သည်။

မိမိတို့၏ဘဝကို အကျဉ်းချခံထားရခြင်းသည် တန်ဖိုးရှိသော မိမိ ဘဝလည်း အညွန့်တုံး၊ မိမိ မိသားစုလည်း စိတ်ဆင်းရဲ၊ နိုင်ငံအတွက်လည်း နစ်နာသည်သာဖြစ်သည်။ ယနေ့ကာလတွင် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်လျက်ရှိရာ အစိုးရနှင့် ပြည်သူ၊ နိုင်ငံနှင့် ပြည်သူ တစ်သားတည်းရှိနေသည်ကို ထင်သာမြင်သာရှိသော ပြုပြင်ပြောင်းလဲမှုများက ထင်ဟပ်ပြသလျက်ရှိသည်။

မည်သည့်အကြောင်းကြောင်းကြောင့်ဖြစ်စေ၊ အမြင်မတူ၊ အသွင်မတူသည်ဖြစ်စေ အတိတ်က မိမိတို့ဖြစ်ခဲ့သည်များကို အတိတ်မှာပင်ထားခဲ့ကာ နိုင်ငံနှင့် လူမျိုးကောင်းစားရေးကို ဦးတည်ချက်ထား၍ လက်တွဲဆောင်ရွက်သင့်ကြပေသည်။ မနုဿတ္တဘာဝဒုလ္လဘတည်းဟူသော ရခဲလှသည့် လူ့ဘဝတွင် မိမိ မိသားစုအတွက် လည်းကောင်း၊ မိမိလူမျိုးအတွက် လည်းကောင်း၊ မိမိနိုင်ငံအတွက် လည်းကောင်း မိမိဘဝကို အချိန်ကုန်မခံဘဲ အချိန်ရှိခိုက် လှုံ့လစိုက်ကြကာ နိုင်ငံကောင်းအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

ယခုကဲ့သို့ လွတ်ငြိမ်းချမ်းသာခွင့်များကို ပြုလုပ်ပေးခဲ့သည့်အတွက် နိုင်ငံတော်ကို ပြည်သူပြည်သားအားလုံးက ကျေးဇူးတင်ကြမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ အနာဂတ်ခရီးလမ်းကြောင်းလည်း သာယာဖြောင့်ဖြူးလာမည်ဖြစ်ရာ ပြည်သူပြည်သားများ ထပ်မံဝမ်းမြောက်ဝမ်းသာ ဖြစ်ကြဦးမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

သာသနာရေးဝန်ကြီးဌာန အမှုထမ်းအဆင့် အင်္ဂလိပ်စာအခြေခံသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

သာသနာရေးဝန်ကြီးဌာန အမှုထမ်းအဆင့် အင်္ဂလိပ်စာအခြေခံသင်တန်း အမှတ်စဉ်(၃)ဆင်းပွဲကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ သာသနာရေးဝန်ကြီးဌာန(ရုံးခွဲ) ပိဋကတ်ပြတိုက်၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် သင်တန်းတွင် ပထမဆုရ ဦးနန္ဒစိုး၊ ဒုတိယဆုရ ဒေါ်နှင်းယုယု အောင်နှင့် တတိယဆုရ ဒေါ်သင်းသင်းမာတို့အား ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်း သားခေါင်းဆောင်ထံ သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သာသနာရေးဝန်ကြီးဌာနမှ အမှုထမ်းအဆင့် သင်တန်းသား၊ သင်တန်းသူ ၅၉ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် သာသနာရေးဝန်ကြီးဌာန အမှုထမ်းအဆင့် အင်္ဂလိပ်စာအခြေခံသင်တန်း အမှတ်စဉ်(၃)ဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်လွင် (ဒုတိယညွှန်ကြားရေးမှူး) ခေါင်းဆောင်၍ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်း)နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းပါဝင်သောအဖွဲ့ ဒီဇင်ဘာ ၃၀ ရက်က ကျိုင်းတုံမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းမှ တာချီလိတ်မြို့နှင့် တောင်ကြီးမြို့များသို့ ထွက်ခွာမည့်ယာဉ်များအား ကွင်းဆင်းစစ်ဆေးစဉ်။ (ကညန)

နှစ်ပတ်လည်နှင့် အလှူငွေပေးအပ်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

မသန်စွမ်းသူများနှင့် ဖွဲ့စည်းထားပြီး မသန်စွမ်းသူများအတွက် ကူညီစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)အထက်မြန်မာပြည်မန္တလေးရုံး၏ နှစ်ပတ်လည်အခမ်းအနားနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲကို မန္တလေးမြို့ မြို့တော်ခန်းမ၌ ဇန်နဝါရီ ၂၀ ရက် တွင် ကျင်းပမည်ဖြစ်သည်။

ယင်းအခမ်းအနားတွင် အထက်မြန်မာပြည်မှ အထောက်အကူပြုကိရိယာ ဝှီးချဲများ လိုအပ်လျက်ရှိသော မသန်စွမ်းသူများအား ဝှီးချဲများ ပေးအပ်လှူဒါန်းမည်ဖြစ်ပြီး ၂၀၁၁ - ၂၀၁၂ ပညာသင်နှစ်အတွက် ရာသက်ပန်ပညာသင်ဆုရရှိသူ မသန်စွမ်း ကျောင်းသား၊ ကျောင်းသူများအား ရာသက်ပန်ပညာသင်ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ ထို့အပြင် မသန်စွမ်းသူများအတွက် အခမဲ့ကွန်ပျူတာ သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ အဆိုပါ အခမ်းအနားတွင် ပါဝင်လှူဒါန်းလိုသော စေတနာရှင်မိဘပြည်သူများနှင့် တက်ရောက်လိုသော မသန်စွမ်းသူများသည် ရွှေမင်းသားဖောင်ဒေးရှင်းမြန်မာ ရန်ကုန်(ရုံးချုပ်) ဖုန်း-၀၁-၂၃၀၀၃၂၂၊ ၀၁-၂၃၀၀၃၂၉၊ ၀၁-၂၁၅၉၃၉ နှင့် အထက်မြန်မာပြည် မန္တလေးရုံး ဖုန်း-၀၉-၉၁၀၄၈၅၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၄-၁-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇း၀၄	၁။	နိုင်ငံတော်သီချင်း
၇း၀၅	၂။	တရားတော်
၇း၂၀	၃။	ဓမ္မပူဇာတေး
၇း၂၅	၄။	မျိုးချစ်တပ်မတော်
၇း၃၀	၅။	မြန်မာ့ရှုခင်း
၇း၄၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	မြန်မာ့ရှုခင်း

နေ့လယ်ပိုင်း

၁၁း၁၀	၁။	နိုင်ငံတော်သီချင်း
၁၁း၁၅	၂။	အဖွင့်သီချင်း
၁၁း၂၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရှုပ်ကလေးများ(အပိုင်း-၂၁)
၁၂း၀၀	၅။	**မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ချိုးကူသံ (ရန်အောင်၊ရဲအောင်၊ ဟိန်းဝေယံ၊မေသဥ္ဇာဦးနှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-ဟိန်းစိုး)**
၂း၀၀	၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၅၀)**

ညပိုင်း

၄း၀၃	၁။	နိုင်ငံတော်သီချင်း
၄း၀၆	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၂၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၃၀	၆။	သန့်စွာကိုင်လေစက္ကူငွေ
၄း၄၀	၇။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၅၅	၈။	ကုန်သွယ်သုတ
၅း၀၀	၉။	မီးသတိပေးနှိုးဆော်ချက်
၅း၁၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀	၁၁။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၄။	စားဖိုဆောင်ချစ်သူ
၆း၄၀	၁၅။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	၁၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သစ္စာစေတမာန်(အပိုင်း-၆)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	နိုင်ငံတကာသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	လူ့ရွှင်တော်စတား
	၂၂။	လျှပ်တစ်ပြက်
	၂၃။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တစ်နေ့သောအခါ(အပိုင်း-၅)**
	၂၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း(အပိုင်း-၁၁၂)**

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၃ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၇၅၅၀	၀. ၀၃၁၄၉
တရုတ် (ယွမ်)	၆. ၃၀၇၅၀	၀. ၁၅၈၅၄
အိန္ဒိယ (ရူပီး)	၅၁. ၅၂၂၇	၀. ၀၁၉၄၁
မလေးရှား (ရင်းဂစ်)	၃. ၁၃၃၁၀	၀. ၃၁၉၁၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၉၁၂၇	၀. ၇၇၄၄၃
ဂျပန် (ယန်း)	၇၆. ၈၁၁၃	၀. ၀၁၃၀၂
တောင်ကိုရီးယား(ဝမ်)	၁၁၄၈. ၆၈	၀. ၀၀၀၈၇
ယူရို	၀. ၇၈၅၃၄	၁. ၂၇၃၃၃
ဗြိတိသျှ (ပေါင်)	၀. ၆၅၁၁၈	၁. ၅၃၀၉၇

အင်တာနက်။

ရန်ကုန်တိုင်းဒေသကြီး ပဉ္စမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

ပြည်သူများ ယာဉ်အန္တရာယ် ကင်းစေပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာများ ပိုမိုနားလည်လာစေရန်နှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန် ရည်ရွယ်ကာ ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပမည့် ပဉ္စမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

တပ်မတော်ခန်းမအတွင်း အရောင်းဆိုင်ခန်း ၇၆ ခန်းနှင့် ဌာနဆိုင်ရာပညာပေးပြခန်း ၃၆ ခန်း ခင်းကျင်းပြသမည်ဖြစ်ပြီး ပညာပေးဖျော်ဖြေရေး အစီအစဉ်များလည်း ကျင်းပသွားမည်ဖြစ်သည်။ ခန်းမပြင်ပတွင် ပြည်တွင်းပြည်ပ ကုမ္ပဏီများ၏ မော်တော်ယာဉ်အရောင်းပြခန်းများ ခင်းကျင်းပြသရောင်းချသွားရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲပြိုင်ပွဲ အထိမ်းအမှတ်အဖြစ် လှုံ့ဆော်ရေးပိုစတာ စိုက်ထူပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(ဥမ္မာသန့်-သတင်းစဉ်)

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၃

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)၏ (၅၉)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နိုင်ငံတော်က ထူးချွန်ဆုချီးမြှင့်ခြင်းခံရသော ပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲကို ဇန်နဝါရီ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်အနီး အမှတ်(၅၇) အာဇာနည်လမ်းရှိ ဒေးဒရဲဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ အသင်းသား၊ အသင်းသူများ တက်ရောက်ကြပါရန်နှင့် အသက် (၇၉)နှစ်ပြည့်ပြီးဖြစ်သော အသင်းဝင်များ၊ အသင်းဝင်၏မိဘများ၊ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးအောင်နှင့် ရိုးရိုးအောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများ၊ နိုင်ငံတော်က ချီးမြှင့်သည့် ဂုဏ်ထူးဘွဲ့ထူးရ ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို အထောက်အထားများဖြင့် ဇန်နဝါရီ ၂၆ ရက် နောက်ဆုံးထား၍ ပေးပို့ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဦးထိုင်ရွှေ ဖုန်း-၃၉၁၂၆၅၊ ဦးမျိုးလွင် ဖုန်း-၅၄၄၂၇၃၊ ဦးစိုးသိန်း ဖုန်း-၂၄၅၉၂၃၊ ဒေါ်ခင်စောလှ ဖုန်း-၅၀၀၁၆၁နှင့် ဒေါ်ခင်ရီ ဖုန်း-၅၂၄၂၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ထူထောင်ပေးထားသော ဆေးငွေပဒေသာပင်များကိုအသုံးပြု၍ ပြည်သူအား ထိရောက်စွာကုသပေး

အသေးစားငွေကြေးလုပ်ငန်း ပိုမိုတိုးတက်ကျယ်ပြန့်စေရေး ပြည်သူများ ပူးပေါင်းပါဝင်

ပေးအပ်လှူဒါန်း

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုလဲမြို့နယ် သစ်ကြီးတိုင်းကျေးရွာ စာကြည့်တိုက်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၃

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဇန်နဝါရီ ၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ်အတွင်းရှိ သစ်ကြီးတိုင်းကျေးရွာ၊ မယင်းကျေးရွာ၊ ဘန့်ဘွေးကျေးရွာ၊ ဝက်ကျကျေးရွာနှင့် လဲကန်ကျေးရွာတို့သို့သွားရောက်ပြီး ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပြီးစီးမှု၊ တိုးချဲ့စာသင်ဆောင်များ တည်ဆောက်နေမှု၊ ကျေးရွာစာကြည့်တိုက်များ တည်ဆောက်ပြီးစီးမှုနှင့် ပြီးခဲ့သည့်မိုးတွင်းကာလ ရေကြီး၍ ပျက်သွားသောတာပေါင်များ ပြန်လည်ပြင်ဆင်မှုတို့ကိုကြည့်ရှုအားပေးကာ ယင်းကျေးရွာများနှင့် ပတ်ဝန်းကျင်ရှိ အိုင်းမကျေးရွာအုပ်စု၊ အေးချမ်းသာကျေးရွာအုပ်စု၊ မိုးကောင်းကျေးရွာ၊ ခင်သာကျေးရွာ၊ ဂျပ်ကျေးရွာ၊ အင်တိုင်းသာကျေးရွာ၊ လယ်ပလင်ကျေးရွာ၊ ခရုကျေးရွာ၊ မုံပင်ကျေးရွာ၊ ခံတွင်းကျေးရွာ၊ ကုန်းကျေးရွာနှင့် တောင်ပျောက်ကျေးရွာတို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ရှင်းလင်းမှာကြား

ထိုသို့တွေ့ဆုံရာတွင် ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများကို မေးမြန်းဆွေးနွေးပြီး နိုင်ငံတော်အစိုးရက ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍တိုးချဲ့ဆောက်လုပ်ထားသည့်ကျောင်းဆောင်သစ်များအား စနစ်တကျအသုံးပြုထိန်းသိမ်းရန်၊ တွဲဖက်မူလတန်းကျောင်းများအနေဖြင့် ဆရာနှင့် ကျောင်းသား အင်အားမျှပြီး ထိရောက်စွာသင်ကြားနိုင်ရေးအတွက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက စနစ်တကျစီမံဆောင်ရွက်ရန်၊ ကျေးလက်ကျန်းမာရေးဆေးခန်း တည်ဆောက်မှုများအတွက် ပံ့ပိုးမှုများကို ထိရောက်စွာ အသုံးပြုဆောင်ရွက်ရန်၊ ထူထောင်ပေးထားသောဆေး ငွေပဒေသာပင်များကို အသုံးပြု၍ ပြည်သူအားထိရောက်စွာ ကုသပေးရန်၊ တည်ဆောက်ဆဲ စာကြည့်တိုက်များကို အမြန်ပြီးစီးအောင်ဆောင်ရွက်ပြီး ရေရှည်ရှင်သန်ရပ်တည်နိုင်ရေးအတွက် စာငှားစနစ်ကျင့်သုံးဆောင်ရွက်ရန်၊ ဤဒေသအတွင်း လမ်းပန်းဆက်သွယ်မှုအတွက် ဗဟိုကျသည့် ကျေးရွာများကို ရွေးချယ်ကာ ကျေးရွာချင်းဆက်လမ်းများကို ဖောက်လုပ်ပေးထားပြီးဖြစ်ရာ လမ်းများရေရှည်တည်တံ့ အသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန်၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်လျက်ရှိသော ပုလဲသွယ် အထွက်တိုးစပ်မျိုးစပါးကို သတ်မှတ်နည်းပညာနှင့်အညီ ဒေသတွင်း၌ စမ်းသပ်စိုက်ပျိုးနိုင်ရေးအတွက် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန်၊ ကျေးလက်ပြည်သူများ အဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အသေးစားငွေကြေးလုပ်ငန်း ပိုမိုတိုးတက် ကျယ်ပြန့်စေရေးအတွက် ဒေသခံပြည်သူများကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အကျယ်တဝင့် ရှင်းလင်းမှာကြားခဲ့သည်။

ကျေးရွာများသို့ ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီးသည် သစ်ကြီးတိုင်းကျေးရွာစာကြည့်တိုက်အတွက် ငွေကျပ် ၁၀ သိန်း၊ ဇီးတွောင့်ကျေးရွာ၊ ကျော်တောကျေးရွာ၊ သဲပြင်ကျယ်ကျေးရွာ၊ ကံပေါက်ကျေးရွာနှင့် ဆည်ပြင်ကျေးရွာ စာကြည့်တိုက်များအတွက် ငွေကျပ် ငါးသိန်းစီ၊ အေးချမ်းသာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအတွက် ငွေကျပ် ငါးသိန်း၊ မယင်းကျေးရွာစာကြည့်တိုက်အတွက် ငွေကျပ် ၁၀ သိန်း၊ ခင်သာကျေးရွာစာကြည့်တိုက်အတွက် ငွေကျပ် ငါးသိန်း၊ ဘန့်ဘွေးကျေးရွာ၊ ဝက်ကျကျေးရွာနှင့် ဂျပ်ကျေးရွာတို့ရှိ စာကြည့်တိုက်များအတွက် ငွေကျပ် ၁၀ သိန်းစီ၊ အင်တိုင်းသာကျေးရွာ စာသင်ကျောင်းဆောက်လုပ်ရန်အတွက် ငွေကျပ် ငါးသိန်း၊ ကသောင်းကျေးရွာ၊ လယ်ပလင်ကျေးရွာနှင့် ခရုကျေးရွာစာကြည့်တိုက်များအတွက် ငွေကျပ် ငါးသိန်းစီ၊ လဲကန်ကျေးရွာတွင် ရေကာတာ တည်ဆောက်ရန်အတွက် ငွေကျပ် ငါးသိန်း၊ မုံပင်ကျေးရွာ စာကြည့်တိုက်အတွက် ငွေကျပ် ၁၀ သိန်း၊ ခံတွင်းကျေးရွာ၊ ကုန်းကျေးရွာနှင့် တောင်ပျောက်ကျေးရွာ စာကြည့်တိုက်များအတွက် ငွေကျပ် ငါးသိန်းစီ၊ ကျေးရွာများအတွက် အဝတ်အထည်များနှင့် ပလတ်စတစ်ရေပုံးများ၊ စာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ၂၀၁၁ ခုနှစ် အောက်တိုဘာလအတွင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျိုးပေါက်သွားခဲ့သည့် လယ်မြေ ဧက ၅၀၀ ခန့်ကို အကျိုးပြုလျက်ရှိသော ပုလဲမြို့နယ် ထန်းတောတိုက်ကျေးရွာအနီးရှိ ညိုပြာရိုးချောင်း တာပေါင် ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ ထန်းတောတိုက်ကျေးရွာ၊ သပြေအေးကျေးရွာ၊ မြေနီကုန်းကျေးရွာနှင့် သရက်ကျေးရွာတို့မှ ဒေသခံပြည်သူများအား ညိုပြာရိုးချောင်းမှရရှိသောရေဖြင့် သီးနှံများအထွက်တိုးရေး စိုက်ပျိုးဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပုလဲမြို့နယ် နှောကန်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာသန့်ရှင်းသာယာရေး၊ ကျေးရွာစာကြည့်တိုက် ပိုမိုရှင်သန်တိုးတက်ရေးတို့ကို မှာကြားကာ စာကြည့်တိုက်အတွက် သုတ/ရသ စာအုပ်စာစောင်များကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုလဲမြို့နယ် ဘန့်ဘွေးကျေးရွာအတွက် အဝတ်အထည်များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တောင်တွင်းကြီးမြို့နယ်၌ ပဲစင်းငုံအထွက်တိုး

တောင်တွင်းကြီး ဇန်နဝါရီ ၁၃

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီး၊ မြို့သစ်၊ မကွေး၊ နတ်မောက်မြို့နယ်များ၌ ဒီဇင်ဘာနောက်ဆုံးပတ်က ရွာသွန်းခဲ့သော သိမ်းမုန်တိုင်းမိုးကြောင့် တောင်သူဦးကြီးများ မိုးဦးကျက နှမ်းများ၊ ပဲခင်းများတွင် သီးညှပ်အဖြစ် စိုက်ပျိုးထားသည့် ပဲစင်းငုံခင်းများမှာ မိုးကြောင့် ယခင်နှစ်ကထက် အထွက်နှုန်းကောင်းပြီး ဈေးကောင်းရောင်းရကြောင်း ဒေသခံတောင်သူဦးကြီးတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ပဲစင်းငုံခင်းများကို ဇန်နဝါရီဒုတိယပတ်မှစ၍ တောင်သူဦးကြီးတို့ ရိတ်သိမ်းလျက်ရှိသည်။ ပဲစင်းငုံတစ်တင်းလျှင် ငွေကျပ် ၁၂၀၀၀ မှ ၁၅၀၀၀ အထိ ရောင်းချရကြောင်း ငမင်ကျေးရွာမှ တောင်သူဦးသိန်းမြင့်၏ ပြောပြချက်အရ သိရသည်။

(၅၈၀)

ဒီဇင်ဘာ ၂၅ ရက်က ပေါင်းတည်မြို့ ဘိုးဘွားရိပ်သာ သုမာလာ နှစ်ထပ်စားဆောင်သစ်ဆောက်လုပ်ရေးအတွက် ရွှေတောင်မြို့ ဈေးအတွင်းမှ ဒေါ်အိငွေ ကွယ်လွန်ခြင်း ငါးလပြည့် အထိမ်းအမှတ်အဖြစ် အလှူငွေကျပ် တစ်သိန်းကို သမီးဖြစ်သူ မမွှံရွှေရည်က ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးမောင်မောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (၁၃၅)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၁-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၅ ၇။ "သုတရောင်စုံပန်းခင်း"
၈း၁၅ ၈။ ကဗျာပန်းဥယျာဉ်
၈း၃၀ ၉။ တေးဂီတအစီအစဉ်
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ "၂၀၁၁ ကမ္ဘာ့အားကစားပုံရိပ်များ" (အပိုင်း-၃)
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၃၅ ၅။ "နှုတ်မြိန်ဖွယ်ရာချစ်ဟင်းလျာ"
၁၂း၅၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ကျောင်ဂွန်း" (အပိုင်း-၄၀)**
၁း၄၀ ၇။ "တောင်သူဘဝ ဆတိုး အကျိုးခံစား စပ်မျိုးစပါး (အပိုင်း-၁)
၂း၀၀ ၈။ "ကိုယ်ချင်းစာ"
၂း၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂း၄၀ ၁၀။ အတီးပြိုင်ပွဲ
၂း၅၀ ၁၁။ International News
၃း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အဆိုပြိုင်ပွဲ
၄း၁၅ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄း၂၅ ၄။ တေးဂီတအစီအစဉ်
၄း၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ဒုတိယနှစ် (အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒအထူးပြုများ) (အရှေ့တိုင်းပညာ)
၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅ ၇။ ဇီဝမျိုးစုံမျိုးကွဲများ
၅း၀၀ ၈။ "အနုပညာမိုးကောင်းကင်မှ ယဉ်ကျေးမှုငွေကြယ်ပွင့်များ" (အပိုင်း-၁) (ဂီတစာဆိုအကယ်ဒမီဇီရာမိုရ်)
၅း၂၀ ၉။ လှပစုံလင်အာဆီယံတစ်ခွင်
၅း၃၀ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
၆း၄၀ ၁၄။ တေးဂီတအစီအစဉ်
၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချိုချိုကြင်နာပို" (အပိုင်း-၅)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **ကာတွန်းအစီအစဉ် "တောကောင်ငယ်သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၈၂)**
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ပွင့်လေးရဲ့ဒဏ္ဍာရီ" (အပိုင်း-၅)**
၂၁။ ဂီတတံခါးလေးဖွင့်ပါဦး
၂၂။ အစီအစဉ်ပြီး၏

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ဗြိတိသျှဝန်ကြီးချုပ် ဆော်ဒီအာရေဗျသို့ရောက်ရှိ

ရီယက် ဇန်နဝါရီ ၁၃

ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်သည် ဗြိတိန်-ဆော်ဒီနှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခိုင်မြဲစေရန် ရည်ရွယ်၍ ဆော်ဒီအာရေဗျနိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် သွားရောက်လည်ပတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက သောကြာနေ့တွင် ဖော်ပြသည်။

ကင်မရွန်သည် အရှေ့အလယ်ပိုင်းဒေသအတွင်း ဗြိတိသျှတို့၏အကျိုးစီးပွားများ တိုးတက်လာစေရန် မျှော်လင့်ချက်ဖြင့် ဆော်ဒီဘုရင် အဗ္ဗဒူလာ၊ အိမ်ရှေ့မင်းသား နာအစ်တို့နှင့် သောကြာနေ့တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

လက်ရှိအနေအထားအရ ဆော်ဒီအာရေဗျသည် ဗြိတိန်နိုင်ငံလုပ် လက်နက်များကို ဒုတိယအများဆုံး ဝယ်ယူသောနိုင်ငံဖြစ်သည်။

နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏသည် ပေါင်စတာလင် ၂၃ ဘီလီယံရှိ၍ ဗြိတိန်နိုင်ငံအတွင်း ဆော်ဒီအာရေဗျ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် ပေါင်စတာလင် ၆၂ ဘီလီယံရှိခြင်းကြောင့် ဆော်ဒီအာရေဗျသည် အရှေ့အလယ်ပိုင်းဒေသအတွင်း ဗြိတိန်အတွက် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ ***အင်တာနက်။***

ဆော်ဒီဘုရင် အဗ္ဗဒူလာ(ယာ) နှင့် ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းတို့ ဆွေးနွေးနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရေတပ်လေယာဉ်တင်သင်္ဘောများ၏ နေရာရွှေ့ပြောင်းလှုပ်ရှားမှု အီရန်အရေးနှင့်မပတ်သက်ကြောင်း အမေရိကန်စစ်ဘက် ငြင်းဆို

ဝါရှင်တန် ဇန်နဝါရီ ၁၃

လေယာဉ်တင်သင်္ဘောတစ်စင်းနှင့် အခြားအရံ စစ်သင်္ဘော အုပ်စုသစ်တစ်စုသည် အာရေဗီးယန်းပင်လယ်ပြင်အတွင်း ရောက်ရှိနေပြီဖြစ်ပြီး လေယာဉ်တင်သင်္ဘောတစ်စင်းပါဝင်သည့် အခြားစစ်သင်္ဘောအုပ်စုတစ်စုသည်လည်း အဆိုပါဒေသသို့ ဦးတည်ခုတ်မောင်းနေကြောင်း အမေရိကန်စစ်ဘက်က ဇန်နဝါရီ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

သို့ရာတွင် အဆိုပါ လေယာဉ်တင်သင်္ဘောအုပ်စုများ၏ လှုပ်ရှားမှုများသည် ပုံမှန်စစ်ဆင်ရေးအစီအစဉ်များအရသာဖြစ်ပြီး အီရန်နှင့် ဖြစ်ပွားနေသော တင်းမာမှုများနှင့် ဆက်နွှယ်ခြင်းမရှိကြောင်း အမေရိကန်ရေတပ်က ငြင်းပယ်ခဲ့သည်။

အီရန်နိုင်ငံက ဟော်မုဇ်ရေလက်ကြားကို ပတ်ဆို့မည်ဖြစ်ကြောင်း ခြိမ်းခြောက်ထားပြီးနောက် စစ်ရေး၊ နိုင်ငံရေးအရ တင်းမာမှုများ ပါရှန်ပင်လယ်ကွေ့ဒေသအတွင်း ဖြစ်ပေါ်နေစဉ် အမေရိကန်ရေတပ်အုပ်စုများ၏ လှုပ်ရှားမှုများ ပေါ်ပေါက်လာခြင်းဖြစ်သည်။

နျူကလီးယားအစီအစဉ်ကို တားဆီးရေးအတွက် ရေနံထွက်ကုန်တင်ပို့မှုများအား အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂ(အီးယူ)တို့က ပိတ်ဆို့ကန့်သတ်မည်ဆိုပါက ကမ္ဘာ့အရေးအကြီးဆုံး ရေလမ်းကြောင်းဖြစ်သည့် ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့မည်ဖြစ်ကြောင်း အီရန်နိုင်ငံက ခြိမ်းခြောက်ထားသည်။

မဟာဗျူဟာမြောက် ဟော်မုဇ်ရေလက်ကြားအား ပိတ်ဆို့ရန် ကြိုးပမ်းမှုမှန်သမျှအား မိမိတို့အနေဖြင့် တားဆီးသွားမည်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်က မကြာမီကာလအတွင်း၌ သတိပေးပြောကြားခဲ့ပြီးဖြစ်သည်။

သို့ရာတွင် ဟော်မုဇ်ရေလက်ကြားဒေသ တင်းမာမှုနှင့် အမေရိကန်ရေတပ် လေယာဉ်တင်သင်္ဘောများ၏ လှုပ်ရှားမှုတို့အကြား တိုက်ရိုက်ဆက်နွှယ်မှုမရှိကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ငြင်းဆိုထားခြင်းဖြစ်သည်။

စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများ၏ အဆိုအရ ယူအက်စ်အက်စ် ကားလ်ဗင်ဆင်လေယာဉ်တင်သင်္ဘောသည် အာရေဗီးယန်းပင်လယ်အတွင်း ရောက်ရှိနေပြီဖြစ်ပြီး ယူအက်စ်အက်စ် အေဗရာဟင်လင်ကွန်း လေယာဉ်တင်သင်္ဘောမှာလည်း ထိုင်းနိုင်ငံမှ ထွက်ခွာ၍ အိန္ဒိယသမုဒ္ဒရာအတွင်း ရောက်ရှိနေပြီဖြစ်သည်။ ***ရိုက်တာ။***

အမေရိကန်ရေတပ်မှ နီမစ်ဇ်အတန်းအစား ယူအက်စ်အက်စ် ကားလ်ဗင်ဆင် လေယာဉ်တင်သင်္ဘောကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ပြည်ထောင်စုတွင် လေဆင်နှာမောင်းတိုက်ခတ် လူ ၁၅ ဦးဒဏ်ရာရရှိ

ဝါရှင်တန် ဇန်နဝါရီ ၁၃

အမေရိကန်ပြည်ထောင်စု အနောက်ပိုင်း မြောက်ကာရိုလိုင်းနားပြည်နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်ရာ ၁၅ဦးထက်မနည်းသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်းနှင့် အနည်းဆုံး အဆောက်အအုံ အလုံး ၆၀ ပျက်စီးကြောင်း အမျိုးသားမိုးလေဝသဌာနက ဇန်နဝါရီ ၁၃ ရက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ လေဆင်နှာမောင်းသည် ဇန်နဝါရီ ၁၁ရက် နှောင်းပိုင်းက ရူသာဖို့ဒ်နှင့် ဘာကီးခရိုင်တို့တွင် တစ်နာရီလျှင် ၁၁၅ မိုင်နှုန်းခန့်ဖြင့် ပြင်းထန်စွာတိုက်ခတ်ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

လေဆင်နှာမောင်း တိုက်ခတ်ခံရ၍ ရူသာဖို့ဒ်၌ ခရိုင်ဘီလန်ဘိုရိုဒေသတွင် လူ ၁၀ ဦး ဒဏ်ရာရရှိကြောင်း ဒေသခံရုပ်မြင်သံကြားဌာနက ထုတ်လွှင့်သည်။ ဒဏ်ရာရရှိသူများအနက်နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။

လေဆင်နှာမောင်းကြောင့် ဘာကီးခရိုင် အိုင်ကတ်ဒေသအတွင်း ဒေသခံများနေထိုင်ရာ သုံးစတုရန်းမိုင်အဝန်းအဝိုင်းအတွင်းရှိ နေအိမ် ၁၀လုံးပျက်စီးကြောင်း၊ လူငါးဦးထက်မနည်းဒဏ်ရာရရှိကြောင်း သတင်းတွင်ပါရှိသည်။

လေဆင်နှာမောင်းဒဏ်ခံရသူများအတွက် အမေရိကန် ကြက်ခြေနီတပ်ဖွဲ့က အိုင်ကတ်ဒေသတွင် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားကာ ကယ်ဆယ်ကူညီရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်ဟု ဆိုသည်။

ဆင်ဟွာ။

ဖောက်စ်ဝက်ဂွန်ရောင်းအား တရုတ်၌ ပိုမိုအားကောင်း

ပေကျင်း ဇန်နဝါရီ ၁၃

တရုတ်နိုင်ငံ၌ ဘောက်စ်ဝက်ဂွန်ကားရောင်းအားသည် ၂၀၁၁ ခုနှစ်တွင် အစီးရေ ၂ ဒသမ ၂၆ သန်းရှိပြီး နှစ်အလိုက်ရောင်းအားထက် ၁၇ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်လာသည်ဟု ဇန်နဝါရီ ၁၃ ရက်တွင် စာရင်းထုတ်ပြန်ခဲ့သည်။

ဂျာမနီအခြေစိုက် ဘောက်စ်ဝက်ဂွန်ကား ထုတ်လုပ်ရေးလုပ်ငန်း၏ ကမ္ဘာတစ်ဝန်း ရောင်းအားတိုးနှုန်းထက် တရုတ်နိုင်ငံ၌ ရောင်းအားတိုးနှုန်းသည် ၃ ဒသမ ၄ ရာခိုင်နှုန်းပိုများပြီး ထိုကားထုတ်လုပ်ရေးကုမ္ပဏီ၏ ပြည်ပဈေးကွက်များအနက် တရုတ်နိုင်ငံသည် သုံးနှစ်ဆက်တိုက် အကြီးမားဆုံးဈေးကွက်ဖြစ်နေသည်ဟု စာရင်း၌ ဖော်ပြထားသည်။

တရုတ်နိုင်ငံမှ ရှန်ဟိုင်းဖောက်စ်ဝက်ဂွန်ဖက်စပ်ကုမ္ပဏီနှင့် ဖောဖောက်စ်ဝက်ဂွန်ဖက်စပ်ကုမ္ပဏီတို့ကြောင့် ရောင်းအားတက်လာခြင်းဖြစ်သည်ဟု သိရှိရသည်။

တရုတ်နိုင်ငံ၏ ကားဈေးကွက်ကျဆင်းနေသော်လည်း ရှန်ဟိုင်းဖောက်စ်ဝက်ဂွန်၏ ရောင်းအားသည် ယမန်နှစ်က အစီးရေ ၁ ဒသမ ၁၆ သန်းရောင်းချခဲ့ရပြီး နှစ်အလိုက်နှုန်းထားထက် ၂၄ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်လာကာ ဖော့ဖောက်စ်ဝက်ဂွန်ကားရောင်းအားမှာ အစီးရေ ၁ ဒသမ ၀၂ သန်းရှိသည်။

ဖောက်စ်ဝက်ဂွန်ကားများ ကမ္ဘာအနှံ့ရောင်းအားမှာ ၂၀၁၁ ခုနှစ်တွင် ၈ ဒသမ ၁၆ သန်းရှိပြီး ယခင်နှစ်ကထက် ၁၄ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

ဆင်ဟွာ။

ဥရောပမှ အမေရိကန်တပ်ဖွဲ့ဝင် ၇၀၀၀ ရုပ်သိမ်းမည်

ဝါရှင်တန် ဇန်နဝါရီ ၁၃

အမေရိကန်ပြည်ထောင်စုသည် ၁၀ နှစ်သက်တမ်းရှိမည့် ကာကွယ်ရေးမဟာဗျူဟာအသစ်အရ ဥရောပ၌တပ်စွဲထားသော ၎င်း၏တပ်ဖွဲ့ဝင် ၇၀၀၀ ခန့်ကို ရုပ်သိမ်းမည်ဖြစ်ကြောင်း သောကြာနေ့အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဥရောပ၌ အခြေစိုက်ထားသည့် တပ်ဖွဲ့ဝင် ၈၁၀၀၀ အနက်မှ တပ်ဖွဲ့ဝင် ၇၀၀၀ ခန့်ရှိ တပ်မဟာနှစ်ခုကို ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး လီယွန်ပနက်တာက ပြောသည်။

အာဖဂန်နစ္စတန်နှင့် အီရတ်တွင် ဆယ်စုနှစ်တစ်စုကြာ စစ်ပွဲဆင်နွှဲပြီးနောက် ကြွေးမြီဒေါ်လာ ၁၅ ထရီလီယံ ဝန်ပိနေသောအချိန်တွင် အမေရိကန်၏ ကာကွယ်ရေးမဟာဗျူဟာသစ် ပေါ်ထွက်လာခြင်းဖြစ်သည်။ ၎င်းအပြင် လာမည့် ၁၀ နှစ်အတွင်း ကာကွယ်ရေးအသုံးစရိတ် ၄၈၇ ဘီလီယံ ဖြတ်တောက်ရန် ပြင်ဆင်လျက်ရှိသည်။ အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် အသုံးစရိတ်လျှော့ချသည့်အနေဖြင့် ကာကွယ်ရေးမဟာဗျူဟာသစ်ကို ဇန်နဝါရီ ၅ရက်က ကြေညာခဲ့သည်။

အင်တာနက်။

ပါကစ္စတန်တွင် လေကြောင်းမှတိုက်ခိုက်၍ ၁၅ ဦးသေဆုံး

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၃

ပါကစ္စတန် အနောက်မြောက်ပိုင်း စစ်သွေးကြွများ ခိုအောင်းနေသောဒေသများကို အစိုးရလေတပ်ဖွဲ့က ဗုံးကြဲတိုက်ခိုက်ရာ လူတစ်ဒါဇင်ကျော်သေဆုံးကြောင်း ပရက်(စ်)တီဗွီက ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံနှင့် နယ်စပ်ချင်းဆက်နေသည့် အိုရတ်ဇိုင်းမျိုးနွယ်စုတို့နေထိုင်ရာဒေသအတွင်းမှ တာလီဘန်တို့ကိုထောက်ခံသည့် စစ်သွေးကြွများအား ပါကစ္စတန်စစ်လေယာဉ်များက သောကြာနေ့တွင် တိုက်ခိုက်ခဲ့သည်။

ပါကစ္စတန် စစ်လေယာဉ်တစ်စင်းက စစ်သွေးကြွများ ခိုအောင်းရာဒေသ၌ ဗုံးကြဲနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယင်းတိုက်ခိုက်မှုတွင် ၁၅ ဦးသေဆုံး၍ ရှစ်ဦးဒဏ်ရာရရှိကြောင်း စစ်ဘက်တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။

စစ်သွေးကြွများပုန်းအောင်းရာ နေရာငါးခုနှင့် မြေအောက်ကတုတ်ကျင်းနှစ်ခုကို ဖျက်ဆီးနိုင်ခဲ့သည်ဟု ဆိုသည်။

ကြာသပတေးနေ့၌ မျိုးနွယ်စုတို့၏ဒေသ တောင်ဝါဇီရစ္စတန်တွင် စစ်သွေးကြွများက ချုံခိုတိုက်ခိုက်သဖြင့် ပါကစ္စတန်ကြည်းတပ်မှ တပ်ဖွဲ့ဝင်ခုနစ်ဦး သေဆုံး၍ သုံးဦးဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။

၂၀၀၇ခုနှစ်ကတည်းက ဗုံးကြဲတိုက်ခိုက်ခြင်းနှင့် စစ်သွေးကြွများ၏ တိုက်ခိုက်ခြင်းများကြောင့် ပါကစ္စတန်ပြည်သူ ၃၅၀၀၀ သေဆုံးခဲ့ရပြီဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

အင်တာနက်။

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲ

နေပြည်တော် ဇန်နဝါရီ ၁၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၄/၂၀၁၂)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၄/၂၀၁၂)
၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၁)တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်

ကြည်း ၂၅၁၁၀ ဗိုလ်မှူးသိန်းဝင်း	(အစား)	ကြည်း ၂၅၂၃၅ ဗိုလ်မှူးဝင်းညွန့်

အမိန့်အရ

(ဝင်းကို)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဂျပန်စီးပွားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၃

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ဂျပန်နိုင်ငံ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Yukio Edano ဦးဆောင်သည့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ **(အပေါ်ပုံ)** မြန်မာနိုင်ငံတွင် ဓာတ်သတ္တုသယံဇာတများ စမ်းသပ်ရှာဖွေရေး၊ တူးဖော်ထုတ်လုပ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများ၊ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ Japan Oil Gas and Metals National Corporation တို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် အခြေခံပညာမူလတန်းကျောင်းများ စစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇန်နဝါရီ ၁၁ ရက် နံနက် ၁၁ နာရီတွင် ပုသိမ်မြို့ အမှတ်(၃) ရပ်ကွက်ရှိ ကရုဏာလူမှုကူညီရေးအသင်း ကော်မတီဝင်များနှင့် တွေ့ဆုံပြီး အသင်းရန်ပုံငွေအတွက် အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေပေးအပ်ပွဲတွင် Naing Group ဆောက်လုပ်ရေးကုမ္ပဏီက လှူဒါန်းသည့် ငွေကျပ်သိန်း ၅၀ နှင့် မန္တလေးတိုင်းဒေသကြီးမှ လုပ်ငန်းရှင် ဦးကျော်ဝင်းက လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ တို့ကို လက်ခံသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မွန်းလွဲ ၂ နာရီတွင် ပုသိမ်မြို့ သမဝါယမသင်တန်းကျောင်းခန်းမ၌ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ အလှူရှင်များက အခြေခံပညာကျောင်းများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်မြို့ အမှတ်(၂၁၉) အခြေခံပညာမူလတန်း(လွန်)ကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုနှင့် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လျှပ်စစ်အသုံးပြုမှုဆိုင်ရာ ကြည့်ရှုလေ့လာ

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ကြီးမှူးကျင်းပသော Process and Product Show 2012 ကို ဇန်နဝါရီ ၁၃ မှ ၁၅ ရက်ထိ ကျင်းပလျက်ရှိရာ ထိုပြပွဲတွင် လျှပ်စစ်အန္တရာယ် ကာကွယ်ရေးနှင့် လျှပ်စစ် အရည်အသွေးမြင့်မားရေး ပစ္စည်းများမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

ခေတ်မီစက်ရုံနှင့် အဆောက်အအုံများတွင် ဓာတ်အားအရည်အသွေး မြင့်မားရေးနှင့် အန္တရာယ်ကာကွယ်မှုပေးစွမ်းနိုင်သောပစ္စည်းများ၊ ပြင်သစ်နိုင်ငံမှ အဆင့်မြင့်မိုးကြိုးလွှဲ၊ ချက်နိုင်ငံမှ အားမြင့်ကာကွယ်ရေးပစ္စည်းများ၊ ဂျာမနီနိုင်ငံမှ လျှပ်စစ်နှင့်သက်ဆိုင်သော အဆင့်မြင့်ပစ္စည်းများကို Mun Hean Myanmar က ရှင်းလင်းပြသပေးခဲ့သည်။ စိတ်ပါဝင်စားသူများ ပြပွဲသို့လာရောက်ကြည့်ရှုနိုင်ပြီး ပြပွဲပြီးပါကလည်း Mun Hean Singapore နှင့် ပူးပေါင်းသည့် Mun Hean Myanmar ရုံးခွဲတွင် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အိမ်ရှင်မများအတွက် အခြေခံတိုင်းရင်းဆေးပညာပေးသင်တန်းဖွင့်

နေပြည်တော် ဇန်နဝါရီ ၁၃

မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မွန်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနတို့ ပူးပေါင်း၍ အိမ်ရှင်မများအတွက် အခြေခံတိုင်းရင်းဆေးပညာပေး သင်တန်းဖွင့်ပွဲအခမ်းအနားကို မော်လမြိုင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်စန်းစန်း၊ ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဦးဝင်းမြင့်ဦးနှင့် သင်တန်းနည်းပြများ၊ မော်လမြိုင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်စန်းစန်း**(အပေါ်ပုံ)**က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသူ ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ဆုနှင်းသဘင်အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးအောင်လွင်မြင့်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ခွင့်ရက်မပျက်ဆုရရှိကြသော ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ပြီး တွေ့ရစဉ်။ (ပညာရေး)

ပြည်သူ့ထံမှ ပေးစာများ

ကြေးမုံသို့ အိတ်ဖွင့်ပေးစာ

စာတည်းခင်ဗျား-

ကျွန်တော်သည် ကြေးမုံစာဖတ်ပရိသတ်တစ်ဦးဖြစ်ပါသည်။ ကြေးမုံသတင်းစာ လပေးယူခဲ့သည်မှာ ကြာပါပြီ။ ကြေးမုံသတင်းစာသည် ကြော်ငြာကောင်းသည်။ ဓာတ်ပုံကောင်းသည်။ သည်အချက်နှစ်ချက်ကြောင့် လပေးဝယ်ဖတ်ခဲ့ခြင်းလည်း ဖြစ်ပါသည်။

နိုင်ငံပိုင်သတင်းစာဖြစ်၍ (အမှန်အတိုင်းရေးရလျှင်) ပြင်ပဂျာနယ်များလောက် စိတ်မဝင်စားပါ။

ယခုတော့ ခေတ်သစ်၊ စနစ်သစ်နှင့်အညီ ကြေးမုံပြောင်းလဲလာသည်ကို မြင်ရသည်။ အထူးသဖြင့် ကြေးမုံစာတည်းရှုထောင့်ဖြစ်သည်။ ခေါင်းကြီးပိုင်း၊ ခေါင်းစဉ်တပ်ခြင်းကအစ ပြောင်းလဲလာသည်။ ရှည်ရှည်ဝေးဝေး ခေါင်းကြီးအစား လိုတိုရှင်းရေးလာသည်။ သတင်းမဆန်၊ ရသဆန်လာသည်။ စိတ်ဝင်စားအောင်၊ ဖတ်ချင်အောင် ပြောင်းလဲထားသည်။

လက်တွေ့ကျကျ ကွင်းဆင်းဆောင်းပါး၊ ခရီးသွားဆောင်းပါးများလည်း ယခင်ထက် ပိုများလာသည်။ နိုင်ငံတကာသတင်း ပို၍ထင်လင်းလာသည်။ ပွင့်လင်းလာသည်။ သို့သော် သည်ထက်ပိုကြိုးစားပေးရန်၊ ပြည်သူ့အသံထည့်ပေးရန်၊ အများကြိုက် ကာတွန်းမှအစ နေ့စဉ်ဖော်ပြနိုင်က ဖော်ပြပေးရန်၊ အထူးသဖြင့် ပြည်သူ့ဘဝ (အဖြစ်မှန်အတွက်) ကာတွန်းများ ဖတ်လို၊ မြင်လိုသည်။ ကာတွန်းဆရာများ သီးခြားဖိတ်၍ တာဝန်ပေးသင့်သည်ထင်သည်။

စတုတ္ထမဏ္ဍိုင်ဖြစ်၍ အတုံးလိုက်အတစ်လိုက် ပညာပေးမည့်အစား ပေါ့ပေါ့ပါးပါးအနုပညာကိုသုံးလျှင် ပို၍ထိရောက်မည်ထင်သည်။ လမ်းဘေး၌ အချိန်မရွေးဝယ်ဖတ်နိုင်ရန် စီစဉ်ပေးပါ။ သတင်းစာလပေးမှလွဲလျှင် အလွယ်ဝယ်မရပါ။ အပြင်အဆင်ပြောင်းလဲလာသည်နှင့်အမျှ စာဖတ်ပရိသတ် ပို၍ပို၍ တိုးပွားလာမည်ဟု ရိုးသားစွာ ယုံကြည်ပါသည်။ **အရေးကြုံလျှင် ကြေးမုံဖတ်ပါ** အစား **ဆန်းသစ်ဝေဆာကြေးမုံပါ** ဟု ကျွန်တော်ရေးချင်သည်။ ဆက်လက်ကြိုးစားအောင်မြင်ပါစေ။ ။

ဦးဟန်ညွှန့်(ဥပဒေ)

လားရှိုးမြို့မဈေးအနီး အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

လားရှိုးမြို့ (၂)ရပ်ကွက် ဗိုလ်ချုပ်လမ်း မြို့မဈေးကြီးအနီး ဆေးခန်းတစ်ခန်းဘေး လမ်းဆုံတွင် ငါးသည်များသည် ဈေးအင်္ဂါရပ်နှင့်မညီညွတ်သည့် ဈေးရောင်းခြင်း၊ ငါးကလီစာများ၊ အကြေးခွံများ၊ အညစ်အကြေးများကို စည်းကမ်းမဲ့လမ်းပေါ်တွင် စွန့်ပစ်ခြင်းကြောင့် ကြွက်၊ ယင်ကောင်များ၊ အနံ့ဆိုးများ အလွန်ဆိုးရွားနေပါသည်။ အများပြည်သူများ ကျန်းမာရေးထိခိုက်လျက်ရှိပါသဖြင့် ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသူ၊ ဈေးသားများ

စည်းကမ်းမဲ့ဆောင်ရွက်မှုများ ပြုပြင်ပေးစေလို

စာတည်းခင်ဗျား-

တောင်ဥက္ကလာပမြို့နယ် နန္ဒဝန်ဈေးရှေ့ ယာဉ်ရပ်နားရာနေရာတွင် စည်းကမ်းမဲ့စွာ ကြော်ငြာဆိုင်းဘုတ်များ၊ ဆိုက်ကားဂိတ်များ၊ စက်ဘီးရပ်နားရန်နေရာများ ဆောင်ရွက်ထားခြင်းကြောင့် ယာဉ်ပိုင်ရှင်များ၊ ဈေးဝယ်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ယာဉ်ပိုင်ရှင်များ

ကချင်ပြည်နယ်မှ ဧရာဝတီတံတား(စင်းခန်း) အပြီးသတ်ရွှေမှုလီတပ်ဆင် တံတားတစ်စင်းလုံးတည်ဆောက်မှုလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးနေ

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်
ဓာတ်ပုံ - ကျော်မိုးလွင်

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၆ ရက် (သို့မဟုတ်) ဆောင်းဥတုတစ်ခု။

သည်အချိန်ဆိုလျှင် ကချင်ပြည်နယ်အတွင်းရှိ တောင်တန်းများတွင် နှင်းများဖုံးလွှမ်းနေပြီး ရေများလည်း အေးခဲနေရော့မည်ဖြစ်သည်။

ကျွန်တော်တို့ သတင်းအဖွဲ့သည် တံတားတည်ဆောက်ရေးအထူးအဖွဲ့(၂)မှ အင်ဂျင်နီယာမှူးကြီး ဦးမျိုးဝင်း၏ ဖိတ်ကြားချက်အရ ကချင်ပြည်နယ်အတွင်းရှိ ဧရာဝတီမြစ်ကြီးပေါ်၌ တည်ဆောက်လျက်ရှိသော ဧရာဝတီတံတား (စင်းခန်း)အပြီးသတ် သံပေါင်ရွှေမှုလီတပ်ဆင်သည့် အခမ်းအနားသို့ တက်ရောက်သတင်းယူရန် ဗန်းမော်မှတစ်ဆင့် စက်တပ်မော်တော်ကလေးတစ်စင်းဖြင့် ဧရာဝတီမြစ်ကို စုန်ဆင်းခဲ့ကြသည်။

ကချင်ပြည်နယ်သည် မြန်မာပြည်မြောက်ဘက်အစွန်း၌ တည်ရှိပြီး အရှေ့တောင်အာရှမှာပင်မရှိသည့် အလှပဆုံးနှင်းဖုံးရေခဲတောင်တန်းကြီးများ၊ သဘာဝသယံဇာတများဖြစ်သည့် ရွှေ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများ၊ သတ္တုများ၊ စိမ်းညို့ညို့သစ်တောကြီးများလည်း ရှိသည်။ ထို့အပြင် နှင်းဖုံးရေခဲတောင်တန်းကြီးများကြားမှ စတင်မြစ်ဖျားခံပြီး "မေခနှင့် မလိခ" မြစ်နှစ်သွယ်အဖြစ်စီးဆင်းကာ "ကရိန်နော်" ဝန်းကျင်တွင် မြစ်ဆုံအဖြစ်ပေါင်း၍ မြန်မာနိုင်ငံ၏အလယ်ပိုင်းကို ဖြတ်သန်းစီးဆင်းနေသည့် "မိခင်ဧရာဝတီ" လည်းရှိသည်။

ဧရာဝတီတံတား (စင်းခန်း)......။

ထိုဧရာဝတီမြစ်ကြီး၏ ဒုတိယမြစ်ကျဉ်းအထက် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအနီးတွင် နှစ်လမ်းမောင်းကားလမ်းနှင့် မီးရထားလမ်းတစ်လမ်း ယှဉ်တွဲပါရှိသော ဧရာဝတီတံတား (စင်းခန်း)ကို နိုင်ငံတော်အကြီးအကဲ၏ တာဝန်ပေးချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးများ တည်ဆောက်ရေးအဖွဲ့(၂) အင်ဂျင်နီယာမှူးကြီး ဦးမျိုးဝင်း ဦးဆောင်သောအဖွဲ့က တာဝန်ယူတည်ဆောက်လျက်ရှိသော တံတားကြီးဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် "မြစ်ကိုမြင်လျှင် တံတားဆင်၊ ပြည်ခွင်သာဖို့ လမ်းခင်းစို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ယခုအခါ ဧရာဝတီမြစ်ကြီးပေါ်တွင် တံတားကြီး ငါးစင်းကို တစ်ပြိုင်တည်း တည်ဆောက်လျက်ရှိရာ မကြာသေးခင်က ဧရာဝတီတံတား (ညောင်တုန်း)နှင့် မြန်မာနိုင်ငံတွင် အရှည်ဆုံးတံတားကြီးဖြစ်သည့် ဧရာဝတီတံတား (ပခုက္ကူ) တို့ကို ဖွင့်လှစ်ပေးခဲ့ပြီး ဧရာဝတီတံတား (စင်းခန်း)ကိုလည်း အမြန်ဆုံးဖွင့်လှစ်နိုင်ရန် နေ့မအား၊ ညမနား တည်ဆောက်ခဲ့ခြင်းကြောင့် အပြီးသတ်သံပေါင်ရွှေမှုလီတပ်ဆင်ခြင်းမင်္ဂလာကို ဤကဲ့သို့ ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

ထိုနေ့က ဗန်းမော်မှ စုန်ဆင်းခဲ့သော ကျွန်တော်တို့စီးလာသည့် စက်တပ်မော်တော်ကလေးသည် စင်းခန်းတံတားတည်ဆောက်ရေးစီမံကိန်းသို့ ညနေ ၅ နာရီခန့်တွင် ရောက်သည်။ တံတားကြီး၏ အပြီးသတ် သံပေါင်ရွှေမှုလီတပ်ဆင်မည့် အကြိုညဖြစ်၍ စီမံကိန်းရုံးတွင် စည်ကားနေသော်လည်း ကချင်ဆောင်းက အေးလွန်းသဖြင့် စောစောအိပ်ရာဝင်ခဲ့သည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၇ ရက် နံနက်ဝေလီဝေလင်းအချိန်တွင် ကျွန်တော့်နားထဲသို့ ဘင်ခရာသံများက စုပြုံ၍ဝင်ရောက်လာသည်။ အသံလာရာသို့ ကြည့်လိုက်ရာ ဘင်ခရာသံများနှင့်အတူ ကျောင်းသား၊ ကျောင်းသူကလေးများက ရှေ့ကဦးဆောင်ပြီး ကချင်ရိုးရာထောင်ကာအကအဖွဲ့ဝင်များ၊ ယိမ်းသမလေးများ၊ သင်္ကြန်ယိမ်းလှပျိုဖြူကလေးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက အိုးစည်ဒိုးပတ်အကအခုန်များဖြင့် ဘင်ခရာအဖွဲ့နောက်မှ ချီတက်လာကြသည်ကို တွေ့မြင်ရ၏။ သူတို့ဦးတည်သွားလာချီတက်နေခြင်းမှာ တံတားကြီးပေါ်၌ ကျင်းပမည့် အပြီးသတ်သံပေါင်ရွှေမှုလီတပ်ဆင်ခြင်း မင်္ဂလာအခမ်းအနားသို့ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်လည်း လိုက်ပါခဲ့တော့သည်။

"ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံသော နံနက်ခင်းပါရှင်" ဟု အစချီသော အခမ်းအနားမှူး၏ အသံသည် အသံချဲ့စက်မှ ထွက်ပေါ်လာပြီး အပြီးသတ် သံပေါင်ရွှေမှုလီတပ်ဆင်ခြင်း မင်္ဂလာကိုကျင်းပရာ ရှေးဦးစွာ စောင်းရွှေတံဆိပ်သုံးဆုရ မအေးစုကျော်နှင့် တွဲဖက်၍ အဆိုရွှေတံဆိပ် လေးဆုရှင် မဆွေမြည္တွန့်က ဒုတိယအင်ဂျင်နီယာမှူးကြီး(ငြိမ်း) ဦးလှမြင့်ဝင်း ရေးစပ်သီကုံးသည့် ဧကပိုဒ်ရတုကို သီဆိုဂုဏ်ပြုသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းနှင့် ပြည်နယ်ဝန်ကြီးများ ဧရာဝတီတံတား(စင်းခန်း) ရွှေမှုလီတပ်ဆင်ပွဲသို့ တက်ရောက်ကြသောဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ထို့နောက် ဧရာဝတီတံတား(စင်းခန်း)၏ အပြီးသတ်သံပေါင်ရွှေမှုလီကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကမန်ဒူနော်၊ သစ်တောနှင့်သတ္တုဝန်ကြီး ဦးအောင်နိုင်တို့က မင်္ဂလာအချိန်တွင် အပြီးသတ် ရွှေမှုလီများကို တပ်ဆင်ပေးကြသည်။

ရွှေမှုလီများတပ်ဆင်နေချိန်တွင် တံတားကြီးပေါ်မှ ဆရာတော်များက "ဇယံတောဗောဓိယာမူလေ" အစရှိသော အောင်ဂါထာတော်များကို ရွတ်ဖတ်ပူဇော်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းနှင့် ပြည်နယ်ဝန်ကြီးများက တံတားကြီးပေါ်တွင် ငွေစက္ကူများဖြင့် ရွှေမိုးငွေမိုး ကြဲပက်ရွာသွန်းပေးကြသည်။ ထို့နောက် တံတားအင်ဂျင်နီယာများ၊ ဘင်ခရာအဖွဲ့များ၊ ယိမ်းအဖွဲ့များနှင့် ကချင်ရိုးရာ ထောင်ကာအကအဖွဲ့ဝင်များအား ဆုများပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအနီး ဧရာဝတီမြစ်ပေါ်တွင် တည်ဆောက်ထားသော ဧရာဝတီတံတား (စင်းခန်း)ကို ဤသို့တွေ့ရစဉ်။

တံတားကြီးတည်ဆောက်ရန် ဖြစ်ပေါ်လာပုံသမိုင်းကြောင်း

နိုင်ငံတော်အကြီးအကဲသည် မြန်မာပြည်မြောက်ဖျားဒေသများ၌ ကားလမ်း၊ မီးရထားလမ်းများ ဖောက်လုပ်ပေးခြင်းဖြင့် ၎င်းဒေသကြီးတစ်ခုလုံး မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာစေရမည်ဟု ရည်ရွယ်လျက် အဓိကဆက်သွယ်ရေးလမ်းမကြီးများနှင့် တိုက်ရိုက်ဆက်စပ်ခြင်းမရှိဘဲ အလှမ်းဝေးပြီးချောင်ကျသော ဒေသများအဖြစ် နှစ်ကာလကြာရှည်စွာဖြစ်တည်ခဲ့သော ကသာနှင့် ဗန်းမော်ဒေသတို့အား ဆက်သွယ်ပေးမည့် ကားလမ်းနှင့် မီးရထားလမ်း ဖောက်လုပ်ပေးသွားမည်ဖြစ်သည့်အတွက် ရထားရောကားပါဖြတ်ကူးနိုင်မည့် ဧရာဝတီမြစ်ကူးတံတားတစ်စင်းတည်ဆောက်ရန် အသင့်တော်ဆုံးနေရာအား မြစ်ကူးတံတားကြီးများ တည်ဆောက်ရာတွင် အတွေ့အကြုံများရှိသော ဆောက်လုပ်ရေးဝန်ကြီးဌာနအား မီးရထားဝန်ကြီးဌာနနှင့် ပူးပေါင်း၍ သွားရောက်လေ့လာတိုင်းတာပြီး တင်ပြရန် လမ်းညွှန်ခဲ့သည်ဆို၏။

ထို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် (တံတား) ဦးဆောင်သောအဖွဲ့သည် မြန်မာ့မီးရထား၊ ကသာ-ဗန်းမော် မီးရထားလမ်းဖောက်လုပ်ရေးစီမံကိန်းမှ စီမံကိန်းဒါရိုက်တာအဖွဲ့နှင့်တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခဲ့ကြပြီး ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအနီးတွင် တံတားနေရာလျာထားလမ်းကြောင်းများကို လေ့လာ၍ နိုင်ငံတော်အကြီးအကဲထံ တင်ပြခဲ့ကြသည်။

ယင်းကဲ့သို့ အသေးစိတ်တိုင်းတာမှုများပြုလုပ်၍ တင်ပြခဲ့ကြသည့်အပေါ် နိုင်ငံတော်အကြီးအကဲမှ ၂၀၀၉ ခုနှစ် မေလ ၄ ရက်နေ့တွင် ကျင်းပသော အထူးစီမံကိန်းကြီးများ အကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက် အမှတ်(၁/၂၀၀၉) အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၂)မှ တည်ဆောက်ခဲ့သော တံတားဖြစ်သည်။ ။

ပြည်တွင်းအလှကုန်ပစ္စည်းတွင် ဟိုက်ဒရိုကွီနုန်းပါဝင်မှု သုတေသနပြုတွေ့ရှိထား

ရန်ကုန် ဇန်နဝါရီ ၁၃

ပြည်တွင်းရှိ အလှကုန်ပစ္စည်းဈေးကွက်တွင် တားမြစ်ဓာတုပစ္စည်းဖြစ်သည့် ဟိုက်ဒရိုကွီနုန်း ပါဝင်မှုရှိနေသည်ဟု လေ့လာတွေ့ရှိထားကြောင်း သုတေသနပညာရှင်တစ်ဦး၏ သုတေသနပြုချက်အရ သိရသည်။

အဆိုပါ ဟိုက်ဒရိုကွီနုန်းကြောင့် အရေပြားတွင် ရောင်ခြယ်များအလွန်အကျွံဖြစ်ခြင်း၊ အရေပြားထူခြင်း၊ အရေပြားကင်ဆာရောဂါဖြစ်ခြင်းတို့ကြောင့် အလှကုန်များတွင် မသုံးရန် ကမ္ဘာအနှံ့အပြား၌ တားမြစ်ထားသော ဓာတုပစ္စည်းတစ်မျိုးလည်းဖြစ်သည်။ ထိုသုတေသနကို မန္တလေးဆေးဝါးတက္ကသိုလ် ဆေးဝါးဖော်စပ်ရေးဗေဒဌာန၏ လက်တွေ့စမ်းသပ်ခန်း၌ ၂၀၁၀ ခုနှစ်အတွင်းက လေ့လာသုတေသနပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပြည်ပမှတင်သွင်းလာသော မျက်နှာလိမ်းအောက်ခံမိတ်ကပ်များနှင့် ပြည်တွင်းထုတ်မျက်နှာလိမ်းအောက်ခံမိတ်ကပ် အမှတ်တံဆိပ်အချို့ကို စစ်ဆေးသုတေသနပြု၍ မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ သုတေသနပိုစတာပြိုင်ပွဲ၌ ထည့်သွင်းယှဉ်ပြိုင်ထားကြောင်း သိရသည်။

ထိုသို့ သုတေသနပြုစစ်ဆေးသော မျက်နှာလိမ်း အောက်ခံမိတ်ကပ်များအနက်မှ ပြည်ပမှတင်သွင်းလာသော အမှတ်တံဆိပ်ရှစ်ခုတွင် အမှတ်တံဆိပ်သုံးခု၌ ပါဝင်နေသည်ကိုတွေ့ရှိရပြီး အမှတ်တံဆိပ်တစ်ခုတွင် အညွှန်းစာတန်းပြည့်စုံမှုမရှိကြောင်း၊ ပြည်တွင်းထုတ် အမှတ်တံဆိပ်လေးခုကို စမ်းသပ်စစ်ဆေးရာတွင် အမှတ်တံဆိပ်နှစ်ခုတွင် ပါဝင်သည်ကို တွေ့ရှိရပြီး အမှတ်တံဆိပ်နှစ်ခုတွင် အညွှန်းစာတန်းပြည့်စုံမှုမရှိသည်ကို တွေ့ရှိရခြင်းဖြစ်သည်ဟု သိရသည်။ ဈေးကွက်အတွင်းရှိ အန္တရာယ်ရှိသော အလှကုန်ပစ္စည်းများကို သိရှိထိန်းချုပ်ရန်နှင့် သုံးစွဲသူများဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ယင်းကဲ့သို့ သုတေသနပြုကာ နှိုးဆော်အသိပေးခြင်းဖြစ်ကြောင်း သိရသည်။ (၆၈၀)

သွေးလှူဒါန်း

အထက(သုဝဏ္ဏ)အငြိမ်းစား ဆရာ၊ ဆရာမများ လူမှုထောက်ပံ့မှု ကော်မတီ၏ (၁၀)နှစ်ပြည့်နှင့် ဇန်နဝါရီ ၂၂ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ကျင်းပမည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၁ ရက် နံနက်တွင် တောင်ဥက္ကလာပ မြို့ဦးစေတီ၌ ကျင်းပသော စုပေါင်းသွေးလှူဒါန်းပွဲတွင် ကျင်းပရေးကော်မတီအဖွဲ့ဝင် ၄၅ ဦး သွေးလှူဒါန်းစဉ်။ (ကြေးမုံ)

✳ ငြိမ်းချမ်းရေးမှ

လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသက်ထွန်း၊ တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်၊ ပြည်နယ်ဥပဒေချုပ် ဦးသိန်းလွင်၊ ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဦးသက်နောင်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးအုန်းမြင့်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဦးစီးမှူး(ပထမတန်း) (ပြည်သူ့စစ်) ဒုတိယဗိုလ်မှူးကြီးကျော်မြင့်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဦးစီးမှူး(ပထမတန်း)(စစ်ဆင်ရေး) ဒုတိယဗိုလ်မှူးကြီးသန်းအောင်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် စစ်ဦးစီးမှူး(ပထမတန်း)(စစ်ဆင်ရေး) ဒုတိယဗိုလ်မှူးကြီးညွှန့်ဦးနှင့် တာဝန်ရှိသူများ၊ ကရင်အမျိုးသားအစည်းအရုံး(KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးနှင့်ပဒိုစောဒေးဗစ်ထောတို့ဦးဆောင်သည့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးပွဲတွင် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် ပဏာမဆောင်ရွက်ရန် သဘောတူညီချက်(၅)ချက်နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ဆက်လက်ဆွေးနွေးရန် မူအားဖြင့် သဘောတူညီသည့် အချက်(၁၁)ချက်အား ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းတို့၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြပြီး အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဗိုလ်မှူးချုပ်စောဂျော်နီတို့သည် ပြည်နယ်အဆင့် ပဏာမသဘောတူညီမှုစာချုပ်ကို လက်မှတ်ရေးထိုးကြပြီးနောက် အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးတို့သည် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပဏာမသဘောတူညီချက်(၁၁)ချက်ကို လက်မှတ်ရေးထိုးကာ အပြန်အလှန်လဲလှယ်ကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

☆ အကျဉ်းသားမှ

၄။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းမှု ဖော်ဆောင်ရေးအတွက် လည်းကောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်ခွင့်ရရှိစေရေးအတွက် လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့် လည်းကောင်း လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ခြင်းဖြစ်ပါသည်။ အကျဉ်းထောင်အသီးသီးမှ လွှတ်ပေးခြင်းခံရသူများအနေဖြင့် နိုင်ငံတော်သမ္မတ၏ မေတ္တာစေတနာကို အလေးထားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် ဥပဒေဘောင်အတွင်းမှ တစ်တပ်တစ်အားပါဝင်ဆောင်ရွက်ကြပါရန် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် အလေးအနက်တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်။

ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ထွန်းဦး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံအထိမ်းအမှတ် သုတေသနနှင့် အင်ဂျင်နီယာ စာတမ်းဖတ်ပွဲဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း စာတမ်းဖတ်ပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံအထိမ်းအမှတ် သုတေသနနှင့် အင်ဂျင်နီယာစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးဦးညာဏ်ထွန်းဦးနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးဝင်းခိုင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် လှိုင်တက္ကသိုလ်နယ်မြေအမျိုးသားအားကစားရုံအမှတ်(၂)၌ ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နည်းပညာဆိုင်ရာ ထုတ်ကုန်ပြပွဲကို တာဝန်ရှိသူတို့က ဖွင့်လှစ်ပေးကြပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် စာတမ်းရှင် ခြောက်ဦးတို့က သုတေသနစာတမ်းများနှင့် အင်ဂျင်နီယာဆိုင်ရာ စာတမ်းများကို ဖတ်ကြားကြသည်။ အဆိုပါ စာတမ်းဖတ်ပွဲကို ဇန်နဝါရီ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး စာတမ်းပေါင်း ၃၇ စောင်ကို ဖတ်ကြားမည်ဖြစ်ကာ အာဆီယံအင်ဂျင်နီယာဆိုင်ရာ ဘွဲ့တံဆိပ်များ ပေးအပ်ပွဲနှင့် နှစ်ပတ်လည်စုံညီ ညီလာခံကိုလည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ဂျပန်နိုင်ငံ စီးပွားရေးဝန်ကြီးနှင့် ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌတို့ တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၃

ဂျပန်နိုင်ငံ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Yukio Edano ခေါင်းဆောင်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Takashi SAITO ပါဝင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင် ခေါင်းဆောင်သောအဖွဲ့တို့သည် ဇန်နဝါရီ ၁၂ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ချက်ထရီယန်ဟိုတယ်၌ တွေ့ဆုံဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းနှင့် သီလဝါဆိပ်ကမ်းစီမံကိန်းများတွင် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ နောက်ဆုံးနေ့ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံ နောက်ဆုံးနေ့အစီအစဉ်ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ စာတမ်းရှင်များက သုတေသနစာတမ်း ခုနစ်စောင်ကို ဖတ်ကြားကြပြီး ငှက်ဖျားရောဂါထိန်းချုပ်ရေးနှင့် ကုသရေး (Progress Towards Malaria Control in Myanmar)ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင်လည်း သက်ဆိုင်ရာ ပညာရှင်များက ဟောပြောကြသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်က အမှာစကားပြောကြားပြီး သုတေသနညီလာခံကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်း ဆုပေးပွဲအခမ်းအနားတွင် ဆုရွေးချယ်ရေးအဖွဲ့၏ သုံးသပ်ချက်များကို အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာကြည်ကြည်သင်းက ရှင်းလင်းပြောကြားပြီး သုတေသနဆိုင်ရာ စာတမ်းများအနက် အကောင်းဆုံး စာတမ်းလေးစောင်နှင့် လူငယ်သုတေသီဆုများအတွက် စာတမ်းသုံးစောင်တို့ကို ရွေးချယ်၍ ဆုများ ပေးအပ်ချီးမြှင့်သည်။

ယခုနှစ် ညီလာခံတွင် သုတေသနစာတမ်း စုစုပေါင်း ၇၃ စောင် တင်သွင်းဖတ်ကြား၍ သုတေသနပိုစတာ ၂၄ ခုကို ပြသခဲ့ပြီး ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ ကိုးခုကို ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



မောင်စိမ်းနောင်(လယ်ဝေး)၏ အလှကမ္ဘာ ညီတို့ရွာ ကလေးကဗျာစာအုပ်ထွက်ရှိ

စာပေလောကတွင် ကလေးများကို အသိအလိမ္မာပေးမည့် ကလေးစာပေဖွံ့ဖြိုးရှင်သန်နေရန် အမြဲတစေလိုအပ်လျက်ရှိရာ ဖြည့်ဆည်းမှုတစ်ရပ်အဖြစ် ကဗျာဆရာမောင်စိမ်းနောင်(လယ်ဝေး)၏ "အလှကမ္ဘာညီတို့ရွာ" ကလေးကဗျာစာအုပ် ထွက်ရှိလာသည်။

"အလှကမ္ဘာညီတို့ရွာ" တွင် ကလေးများ အသက်အရွယ်အလိုက် သိသင့်သိထိုက်သော အသိအမြင်ဗဟုသုတနှင့် လိမ္မာရေးခြားရှိသော စိတ်ဓာတ်ကောင်းနှလုံးကောင်းဟု ဆိုအပ်သည့် အသိအလိမ္မာများ တိုးပွားလာစေရန် ရည်ရွယ်ရေးသားထားသည်။ ကလေးများ ပျော်ပျော်ရွှင်ရွှင် စိတ်ဝင်တစား ဆိုချင်လာအောင် ရေးဖွဲ့ထားသည်။ အသံအနိမ့်အမြင့်၊ အချီအချ စည်းကျဝါးကျ ရေးသားထားသည်။

ကလေးများ အာဆီယံဗဟုသုတ၊ ကျေးလက်ဗဟုသုတ၊ စကားပုံ၊ စကားထာ၊ သတ်ပုံဗဟုသုတ စသည်ဖြင့် ဗဟုသုတကြွယ်ဝစေရန် အလေးထားရေးဖွဲ့ထားသည်။

ကျော်ဖြူစံ၏ မျက်နှာဖုံးဒီဇိုင်း၊ မင်းဦး(ဒဿန)၏ သရုပ်ဖော်ပုံများ၊ ဆရာမောင်ခင်မင်(ဓနုဖြူ)၏ အမှာစာတို့နှင့်အတူ ထက်ဝေယံစာပေမှ ၂၀၁၁ ဒီဇင်ဘာလ ပထမအကြိမ် ထုတ်ဝေခြင်းအဖြစ် ထွက်ရှိလာပြီး ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေနှင့် နဂါးစာပေတို့တွင် ငွေကျပ် ၁၅၀၀ ဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

ပြည်ပ ပို့ကုန်/သွင်းကုန်လုပ်ငန်းလက်စွဲစာအုပ်ထွက်ရှိ

စာရေးသူ တင်မောင်ဝင်း၏ ပြည်ပ ပို့ကုန်/သွင်းကုန်လုပ်ငန်းလက်စွဲစာအုပ်ကို ဒုတိယအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ပြည်ပ ပို့ကုန်/သွင်းကုန်လုပ်ငန်းဆောင်ရွက်နေသူများအတွက် လုပ်ငန်းလက်စွဲအဖြစ် ထားရှိရမည့် စာအုပ်ဖြစ်သည်။ ဒုတိယအကြိမ်ထုတ်ဝေရာတွင် မြန်မာ့ကုန်သွယ်ရေးနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးတို့၏ ပြောင်းလဲတိုးတက်လာသည့် လုပ်ထုံးလုပ်နည်းများ ပေါ်လစီများနှင့်အညီ ပြင်ဆင်ဖြည့်စွက်ပုံနှိပ်ထားသည်။

အလင်းသစ်စာပေ တိုက်-၆ အခန်း-၄၀၄ ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂၊၀၉-၈၇၀၃၈၄၈ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၅၅၀၀ ဖြင့်ဖြန့်ချိထားသည်။ အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သိပ္ပံနည်းကျ နှင်းဆီစိုက်ပျိုးရေးစာအုပ် ထွက်ရှိ

စာရေးသူ ဦးအောင်ဖေ(ပါရမီရှင်)ဖြတ်သန်းခဲ့သည့် လက်တွေ့စိုက်ပျိုးရေးဘဝအတွေ့အကြုံများကို အခြေခံ၍ လက်လှမ်းမီရာ ဗဟုသုတပညာရပ်များ၊ နိုင်ငံတကာမှ နှင်းဆီစိုက်ပျိုးရေးသုတေသီအချို့နှင့် ဆက်သွယ်မေးမြန်းဆွေးနွေးချက်များ၊ ရှာဖွေစုဆောင်းထားသော အချက်အလက်များကိုစုစည်း၍ ဝါသနာအလျောက် နှင်းဆီစိုက်ပျိုးရေးမှ စီးပွားဖြစ်စိုက်ပျိုးနိုင်သည်အထိ သိပ္ပံနည်းကျ ပြုစုစိုက်ပျိုးနိုင်ရန်အတွက် မြေဆီလွှာ၊ မျိုးပွားပုံ၊ မြေသြဇာကျွေးပုံမှအစ ပိုးမွှားကာကွယ်ခြင်းနည်းလမ်းများကို ဖော်ပြပေးထားသည်။

သာယာစိုပြည်သော သဘာဝပတ်ဝန်းကျင်ကို ကျန်းမာသန်စွမ်းသော နှင်းဆီပင်များမှ အရောင်အသွေးမှန်ကန်သော နှင်းဆီပွင့်များဖြင့် ဖော်ဆောင်နိုင်ရန်အတွက် ရေးသားပြုစုထားသော စာအုပ်ကို စာပေလောက ၅ အမှတ်(၁၃၈/၁၄၀)(ပထမထပ်) ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၁၂၅၀၆၇နှင့် ၀၉-၇၃၁၄၀၉၃၆ မှ ဖြန့်ချိလိုက်သည်။

လူဝင်စားများနှင့် တွေ့ဆုံခြင်းစာအုပ် ထွက်ရှိ

ကြည်ဦးက လူဝင်စားတို့၏ ဘဝအမျိုးမျိုးကိုလည်း တွေ့ကြုံဆွေးနွေးလေ့လာခဲ့ဖူးကြောင်း၊ လူဝင်စားအချို့သည် စကားပြောတတ်စပြုသည့် သုံးလေးနှစ်အရွယ်မှ သူတို့ကွယ်လွန်ကြသည့် အသက်ခုနစ်ဆယ်၊ ရှစ်ဆယ်အထိ ဘဝဟောင်းမှ ဖြစ်ရပ်အားလုံးကို မှတ်မိနေတတ်ကြကြောင်း သေလျှင်သေချင်း(ဝိညာဉ်ချုပ်လျှင်ချုပ်ချင်း) ဘဝသစ်သို့ ကူးပြောင်းမှီတွယ်ခွင့်(ပြန်လည်ဝင်စားခွင့်)ရသူများဖြစ်သည်ကို လေ့လာတွေ့ရှိရကြောင်း ဤကဲ့သို့ ဝင်စားလာမှုအမျိုးမျိုးရှိသည်နှင့်ပတ်သက်၍ လယ်တီဆရာတော်ဘုရားကြီး ရှင်းပြတော်မူထားသည်ကို တင်ပြထားသည်။ စာအုပ်ကို မဇ္ဈိမစာပေအမှတ်(၂၃၇) ၃၉လမ်း(ပထမထပ်-ဝဲ) အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၇၃၀၅၉၉၃၅နှင့် ၀၉-၅၀၅၆၈၄၃ က ဖြန့်ချိသည်။

◆ **ရှေ့ဖုံးမှ**

မြို့နယ်နှင့် ခရိုင်များ၏ တည်နေရာ၊ အကျယ်အဝန်းနှင့် အုပ်ချုပ်ရေးဆိုင်ရာ အချက်အလက်များကို ပဏာမရှင်းလင်းတင်ပြပြီး မြေအသုံးချမှု၊ မိုးရွာသွန်းမှု၊ ၂၀၁၁-၂၀၁၂ ခုနှစ် မိုးသီးနှံစုံစိုက်ပျိုးရန် လျာထားချက်နှင့် အမှန်စိုက်ပျိုးပြီးစီးမှု၊ ဆောင်းသီးနှံ စိုက်ပျိုးမှု၊ အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်း ရရှိမှုနှင့် စိုက်ပျိုးထုတ်လုပ်မှု၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု၊ စက်မှုလယ်ယာကူးပြောင်းမှု၊ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးမှု၊ ခန္တီးခရိုင်၏ ၂၀၁၁-၂၀၁၂ ခုနှစ် ဒီဇင်ဘာလကုန်အထိ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု၊ လူတစ်ဦးချင်းဝင်ငွေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်သည့် သောက်သုံးရေရရှိရေးနှင့် ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ ဒေသလိုအပ်ချက်များကို တင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက ခန္တီးမြို့နယ်၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်နေမှုများ၊ ဒေသအတွင်းစီးပွားရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုး တိုးတက်လာရေးအတွက် ရော်ဘာ၊ လက်ဖက်ကဲ့သို့သော နှစ်ရှည်ပင် စိုက်ပျိုးရေးတိုးချဲ့လုပ်ကိုင်ရန် စည်းရုံးဆောင်ရွက်နေမှုများကို ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဒေသလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခန္တီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းနှင့် ဒေသခံ မြို့မိမြို့ဖများဖြစ်ကြသော ဦးခင်မောင်ညွန့်နှင့် ဦးလှဖေတို့က ဒေသ၏ ပညာရေး၊ ကျန်းမာရေးနှင့် လျှပ်စစ်ဓာတ်အားရရှိရေးဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ခရီးစဉ်တွင် လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ခန္တီးဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သူရဦးအေးမြင့်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်များတွင် ဥပဒေပြုရေးကိစ္စများနှင့် လွှတ်တော်လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတက မြို့မိမြို့ဖများတင်ပြသည့် ပညာရေး၊ ကျန်းမာရေးနှင့် မီးသတ်ယာဉ်တစ်စီး ဖြည့်ဆည်း

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများက ခန္တီးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ပေးရေး၊ ကျေးလက်ဒေသတစ်နိုင်တစ်ပိုင် ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ မြို့ပတ်လမ်း အဆင့်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့နှင့် ညှိနှိုင်းဖြည့်ဆည်းပေးပြီးနောက် အမှာစကားပြောကြားရာတွင် ယနေ့ မိမိနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ပါဝင်သောအဖွဲ့သည် ခန္တီးဒေသနှင့် နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ ဖွံ့ဖြိုးမှုအခြေအနေများကို သိရှိနိုင်ရန်နှင့် လိုအပ်သည့်ပံ့ပိုးမှုများ ပေးရန် လာရောက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ယနေ့ ခန္တီးဒေသ၏ စီးပွားဖွံ့ဖြိုးတိုးတက်နိုင်မည့် အလားအလာများကို လေ့လာကြည့်ပါက ဤဒေသတွင် စိုက်ပျိုးမြေလွတ်၊ မြေရိုင်းများစွာ ကျန်ရှိနေကြောင်း၊ ရာသီဥတုမှာလည်း မိုးရေချိန်လက်မ (၁၀၀)ရွာသွန်းသည့် စိုက်ပျိုးရေ အလုံအလောက်ရရှိနေသော ဒေသတစ်ခုဖြစ်ပါကြောင်း၊ ယင်းကြောင့် မိမိတို့တွင် ရှိပြီးဖြစ်သည့် မြေနှင့် ရေ သယံဇာတကို အကျိုးရှိရှိ အသုံးချသွားနိုင်ရန် လိုအပ်ပါကြောင်း၊ သို့ရာတွင် ဒေသသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုနည်းပါးသဖြင့် ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းစေနိုင်သည့် ဒေသနှင့် ကိုက်ညီသော ရော်ဘာ၊ လက်ဖက်၊ လိမ္မော်၊ ငရုတ်ကောင်း၊ ဂရိတ်ဖရုစသည့် နှစ်ရှည်သီးနှံများကို စိုက်ပျိုးသွားရန် လိုပါကြောင်း၊ ဒေသခံ

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ(ခန္တီး) ကျောင်းခန်းမဆောင်၌ အစိုးရစက်မှုလက်မှုသိပ္ပံ(ခန္တီး)နှင့် အစိုးရစက်မှုလက်မှုအထက်တန်းကျောင်း(ခန္တီး)တို့မှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

လုပ်နိုင်ကိုင်နိုင်သူများ၊ ရင်းနှီးမြှုပ်နှံနိုင်သူများနှင့် ပေါင်းစပ်ဆောင်ရွက်သွားနိုင်အောင် စီစဉ်ဆောင်ရွက်ပေးသွားရန် လိုပါကြောင်း။

ထို့ပြင် ယနေ့ နိုင်ငံတော်သမ္မတကိုယ်တိုင်ဦးဆောင်၍ မြန်မာနိုင်ငံ၏ လူဦးရေအများစုနေထိုင်ရာ ကျေးလက်ဒေသများဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် လုပ်ငန်းစဉ်(၈)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ မိမိတို့ချမှတ်ထားသည့် လုပ်ငန်းစဉ်(၈)ရပ်မှာလည်း လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုသော လုပ်ငန်းစဉ်များဖြစ်ပါကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်များအောင်မြင်ရေးအတွက် ဦးဆောင်ဦးရွက်ပြုသူများ၊ သက်ဆိုင်ရာ ကျေးလက်ဒေသနေ ပြည်သူများနှင့် လုပ်ငန်းစဉ်၌ ဆက်စပ်ကြသူအားလုံးက အောင်မြင်အောင် ဆောင်ရွက်စေမည်ဟူသော ရည်မှန်းချက် ခိုင်ခိုင်မာမာဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် မေတ္တာရပ်ခံတိုက်တွန်းလိုပါကြောင်း။

ယနေ့ အချိန်အခါသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာပြီးနောက် ပြည်သူများက ရွေးကောက်တင်မြှောက်ခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များက ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ခက်မသုံးဖြာ အာဏာသုံးရပ်ကို အခြေခံဥပဒေနှင့်အညီ တာဝန်များ ခွဲဝေဆောင်ရွက်နေကြပြီဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်အဖြစ် တဖြည်းဖြည်း သက်ဝင်လှုပ်ရှားမှုများ ဖြစ်ပေါ်လာနေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် တိုးတက်ဖြစ်ထွန်းနေစေရန်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် လွတ်လပ်ရေးရခါစကပင် အကြောင်းအမျိုးမျိုးကြောင့် ပေါ်ပေါက်လာခဲ့သည့် လက်နက်ကိုင်ဆန့်ကျင်မှုများ ထာဝရချုပ်ငြိမ်းပပျောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုးတက်မှုများ ရရှိနေပြီဖြစ်ပါကြောင်း။

အလားတူ တည်တည်ငြိမ်ငြိမ်ဖြင့် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်မှုလုပ်ငန်းများတွင် နိုင်ငံရေးပါတီများအပါအဝင် တိုင်းရင်းသားပြည်သူများအားလုံး အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်ရေးအတွက်လည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နိုင်ငံတကာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်း စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုလုပ်ကိုင်နိုင်စေရန်အတွက် လိုအပ်သည့် ဥပဒေများပြင်ဆင်ခြင်း၊ အခွန်များလျှော့ပေါ့ပေးခြင်း

ဒုတိယသမ္မတ သီဟသူရဦးတင်

တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့

လုပ်ငန်းများလွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် အစီအမံများ ဆောင်ရွက်ပေးခြင်းများအပြင် အထူးစီးပွားရေးဇုန်များ ထူထောင်၍လည်း ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

အလားတူ နိုင်ငံတော်၏ လူမှုရေးကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေးအတွက် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် နိုင်ငံတကာအဆင့် တန်းတူဖြစ်ထွန်းတိုးတက်ရေး၊ အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်များ တိုးပွားရေးအတွက် လိုအပ်သော ပြုပြင်မှုများ၊ ပံ့ပိုးထောက်ပံ့မှုများ တိုးမြှင့်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့် ခန္တီးခရိုင်ပြည်သူ့ဆေးရုံသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်းသည့် Incubator ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၁-၂၀၁၂ (စနေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅း၂၀	MRTV-4 သတင်း
၅း၄၀	"ဩဝါဒပါတိမောက်" တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၆း၂၅	ရှင်တော်မဟာမုနိ. . . ဘဂဝါပူဇေမိ
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၈၆)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၃၉)**
၈း၅၀	Four FLAVOURS Show (Part-5)
၉း၄၅	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၁၀	ကျေးလက်နေပြည်သူများအတွက် ဘဝအလင်း ပေါင်းစည်းလယ်ယာကေ(၁၀၀)
၁၀း၃၅	ရွှေဈေးကွက်နှင့် ရွှေဝယ်လမ်းညွှန်
၁၀း၅၅	တွဲဖက် အထက နှင့် အထက တော်လတီ၏ မြတ်ဆရာပူဇော်ပွဲ
၁၁း၁၅	အမျိုးသားများအားလုံး၏ Style အတွက် Golden Bright Star
၁၁း၃၀	ရန်ကုန်မြင်ကွင်းကျယ်
၁၁း၅၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၂၄)**
၁၂း၃၅	ဆေးတက္ကသိုလ်(၁)ရန်ကုန် (၁၉၈၂-၁၉၉၀)ပညာသင်နှစ် ကျောင်းသား/သူများ၏ အာစရိယပူဇော်ပွဲ
၁း၀၀	"ဩဝါဒပါတိမောက်" တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၃၉)**
၃း၁၅	ထားဝယ်အသင်း၏ ရာပြည့်မှတ်တိုင်ခရီးဆီသို့
၃း၃၀	MNL MYANMAR 2012 (Ayeyarwady United FC Vs Yangon United FC) (LIVE)
၅း၃၅	လယ်ယာကုန်ထုတ်လုပ်မှု မြင့်မားရေးမှသည် ကျေးလက်ဖွံ့ဖြိုးရေးဆီသို့
၅း၅၀	Road To Life & Dance 10th Anniversary Dance Concert
၆း၀၀	MRTV-4 သတင်း
၆း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၈၇)**
၇း၁၀	Four FLAVOURS Show (Part-6)
၈း၀၀	MRTV-4 သတင်း
၈း၃၀	Road To New Star Gems & Jewellery Show
၈း၄၀	ရွှေငါးရွှေဆိုင်မိသားစု၏ မွေးနေ့မင်္ဂလာနှင့် မင်္ဂလာနှစ်ပတ်လည် အလှူတော်မင်္ဂလာ
၈း၅၀	သွားမယ်စားမယ်
၉း၁၅	ပရီမီယာလိဂ်ရင်ခုန်သံ
၉း၂၅	Barclays Premier League (Liverpool Vs Stoke City)

အမှာစကားပြောကြား

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ခန္တီးမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လုပ်ငန်းများလွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် အစီအမံများ ဆောင်ရွက်ပေးခြင်းများအပြင် အထူးစီးပွားရေးဇုန်များ ထူထောင်၍လည်း ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

အလားတူ နိုင်ငံတော်၏ လူမှုရေးကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေးအတွက် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် နိုင်ငံတကာအဆင့် တန်းတူဖြစ်ထွန်း

ပေးနိုင်ရေးအတွက် နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိအောင် ဆောင်ရွက်နေသကဲ့သို့ လိုအပ်သည့်နေရာများတွင်လည်း ဘဏ္ဍာငွေ တိုးမြှင့်လျာထားပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ခန္တီးဒေသ၊ နာဂဒေသကဲ့သို့ နေထိုင်မှုခက်ခဲဝေးလံသော ဒေသများရှိ ဝန်ထမ်းများ ထိုဒေသများတွင် စေတနာထား၍ ပိုမိုလုပ်ကိုင်လိုစိတ် ဖြစ်ပေါ်လာစေရေး၊ ဝန်ထမ်းများ၏ နေထိုင်မှုအဆင်ပြေစေရေးအတွက် လာမည့်ဘဏ္ဍာရေးနှစ်မှစတင်၍ ဝေးလံခက်ခဲသော ဒေသနေဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးနိုင်ရေးအတွက်လည်း နိုင်ငံတော်အစိုးရအနေဖြင့် စီမံဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းများအနေဖြင့် ၎င်းဒေသအကျိုး၊ နိုင်ငံတော်အကျိုးကို ရှေးရှု၍ ပိုမိုကြိုးစား ဆောင်ရွက်ကြစေလိုကြောင်း၊ ဖွံ့ဖြိုးမှုနောက်ကျနေသော ဒေသနေပြည်သူများအား ဦးစီးဦးဆောင်ပြု၍ ဥပဒေ / လုပ်ထုံးလုပ်နည်းများကို နားလည်စေရေး၊ ဒေသဖွံ့ဖြိုးတိုးတက်စေရေးကို ပိုမိုအားထုတ်ကြိုးပမ်းဆောင်ရွက်သွားစေလိုကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်ထာဝရ တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပါဝင်ပူးပေါင်းဆောင်ရွက်ကြရန် မေတ္တာရပ်ခံတိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက ခန္တီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခန္တီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခန္တီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့အတွက် DTH Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်ဆွဲမီးစက်တို့ကို ပေးအပ်လှူဒါန်းရာ ခရိုင်အုပ်ချုပ်

ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က လက်ခံကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း ထူထောင်ရန်အတွက် ငွေကျပ်သိန်း ၅၀၀ ကို ငွေပဒေသာပင်စိုက်ထူခဲ့ပြီး ဒေသခံမြို့မိမြို့ဖများ၏ ဦးဆောင်မှု၊ ဌာနဆိုင်ရာများ၏ ကူညီပံ့ပိုးမှုနှင့်

ကိုယ်စားလှယ် သူရဦးအေးမြင့်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်းသည့် Incubator ကိုလည်းကောင်း၊ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌက DTH Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်ဆွဲမီးစက်တို့ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီးက လက်ခံသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက် ဆေးရုံမြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ(ခန္တီး)သို့ ရောက်ရှိပြီး ကျောင်းခန်းမဆောင်၌ အစိုးရစက်မှုလက်မှုသိပ္ပံ(ခန္တီး)နှင့် အစိုးရစက်မှုလက်မှု အထက်တန်းကျောင်း(ခန္တီး)တို့မှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အရည်အချင်း ပြည့်ဝသည့် လူ့စွမ်းအား

...ညာဝန်ကြီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ(ခန္တီး) ...စက်မှုလက်မှုအထက်တန်းကျောင်း(ခန္တီး)တို့မှ ...စဉ်။ (သတင်းစဉ်)

တိုးတက်ရေး၊ အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်များ တိုးပွားရေးအတွက် လိုအပ်သော ပြုပြင်မှုများ၊ ပံ့ပိုးထောက်ပံ့မှုများ တိုးမြှင့်

တွေ့ဆုံပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် ဒုတိယသမ္မတ ခရီးစဉ်တွင် လိုက်ပါခဲ့ကြသည့် လုပ်ငန်းရှင်များစုပေါင်း၍ ခန္တီးဒေသ၏ ပညာရေး၊ ကျန်းမာရေးဖောင်ဒေးရှင်း ထူထောင်ရန်အတွက် ငွေကျပ်သိန်း ၅၀၀၊

ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သွားရန် စီစဉ်ပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ခရိုင်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ သူနာပြုများက ကြိုဆိုကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ခန္တီးမြို့ ခရိုင်ပြည်သူ့ဆေးရုံ၌ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ သူနာပြုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရှိသော လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကားပြောကြားပြီး ခွဲစိတ်ခန်း၊ သားဖွားဆောင်နှင့် တိုးချဲ့ဆောင် ဆောက်လုပ်နိုင်မည့်

အရင်းအမြစ်များအဖြစ် လေ့ကျင့်သင်ကြားပေးရန်မှာကြားပြီး ခန္တီးမြို့၌ ညအိပ်ရပ်နားသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၄ ရက်က နှစ်ဖက်သောမိဘများနှင့် ဗိုလ်မှူးကြီးဇော်ဝင်း(ငြိမ်း)တို့အား ရည်စူး၍ ဒေါ်ခင်နွဲ့ဝင်း မိသားစုက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်တောင်ဘက်စောင်းတန်း ပြုပြင်ရန် အလှူငွေကျပ်သိန်း ၃၅၀ လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး(ငြိမ်း)နှင့် အဖွဲ့ဝင်များက လက်ခံကြစဉ်။

(သတင်းစဉ်)

	Yangon United FC) (LIVE)
၅း၃၅	လယ်ယာကုန်ထုတ်လုပ်မှု မြင့်မားရေးမှသည် ကျေးလက်ဖွံ့ဖြိုးရေးဆီသို့
၅း၅၀	Road To Life & Dance 10th Anniversary Dance Concert
၆း၀၀	MRTV-4 သတင်း
၆း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၈၇)**
၇း၁၀	Four FLAVOURS Show (Part-6)
၈း၀၀	MRTV-4 သတင်း
၈း၃၀	Road To New Star Gems & Jewellery Show
၈း၄၀	ရွှေငါးရွှေဆိုင်မိသားစု၏ မွေးနေ့မင်္ဂလာနှင့် မင်္ဂလာနှစ်ပတ်လည် အလှူတော်မင်္ဂလာ
၈း၅၀	သွားမယ်စားမယ်
၉း၁၅	ပရီမီယာလိဂ်ရင်ခုန်သံ
၉း၂၅	Barclays Premier League (Liverpool Vs Stoke City)
၁၁း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှင်းရာ" (အပိုင်း-၄၀)**
၁၂း၁၀	ဂဏန်းသင်္ချာပျော်စရာ
၁၂း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၂၅)**
၁း၂၀	Kid's Show
၁း၄၀	Movie Talk
၂း၀၀	Fashion Week
၂း၁၅	အမျိုးသမီးများနှင့်ဆိုင်သော အကြော၊ အဆစ်ရောဂါအကြောင်း သိကောင်းစရာ(အပိုင်း-၂) (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ တင်မိုးလွင်၊ ရတနာခင်၊ ဒေါက်တာချစ်သုဝေ)
၂း၄၀	VJ Choice
၃း၀၅	နှစ်စဉ်ဝင်ငွေတိုးစေဖို့ . . . သစ်မွှေးစိုက်ကြစို့
၃း၂၅	World of Knowledge
၄း၁၀	ဝိရောဓိ CONTRA
၄း၁၅	သတင်းပေးလို့ဖော် တောင်ငူပဲကြော်၊ ပဲလှော်
၄း၃၀	**အသက်ကလေးရယ်တဲ့ ရှည်စေလို**
၄း၄၀	ဆန္ဒပြည့်ဝ . . . ဖူးကြမသွေ နှစ်ဆန်းပုဒ္ဓ
၅း၀၀	အစီအစဉ်ပြီး။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်		ပြသမည့်လိုင်း
၉း၂၅	Man U -	Bolton	ESPN
၉း၂၅	Liverpool -	Stoke City	STAR SPORTS (MRTV-4)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

❖ တရားသူကြီးများမှ

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ စာချွန်တော်အမိန့်များ ထုတ်ဆင့်ပေးရန် လျှောက်ထားလာသည့်အမှုများမှာ ၃၁-၁၂-၂၀၁၁ ရက်အထိ (၅၅) မှုရှိပြီး ယင်းအမှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီးဆောင်ရွက်ခဲ့ကြောင်း၊ အမှုများစစ်ဆေးစီရင်ရာတွင် ဥပဒေအရ အဆင့်ဆင့်အယူခံဝင်ခွင့်၊ ပြင်ဆင်မှု လျှောက်ထားခွင့်ရှိပြီး အယူခံရုံး၊ ပြင်ဆင်မှုရုံးများက မူလရုံးများ၏ မှားယွင်းချွတ်ချော်မှုများကို ပြင်ဆင်တည့်မတ်ပေးနိုင်သဖြင့် အမှားနည်း၍ ဥပဒေနှင့်ညီညွတ်မျှတမှန်ကန်သည့် ဆုံးဖြတ်ချက်များရရှိလာကြောင်း၊ သိမ်မွေ့ခက်ခဲနက်နဲသည့် ဥပဒေပြဿနာပေါ်ပေါက်ပါက အမြင့်ဆုံးရုံးဖြစ်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားနိုင်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသည့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တရားလွှတ်တော်များသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှုနှင့်အညီ မိမိတို့၏ စီရင်ပိုင်ခွင့်အတွင်းရှိသော ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများကို ကြီးကြပ်ကွပ်ကဲရမည် ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့၏ ကြီးကြပ်မှုအောက်ရှိ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများ၏ စစ်ဆေးစီရင်ဆုံးဖြတ်ချက်များ မှားယွင်းမှုမရှိအောင် ပြင်ဆင်တည့်မတ်ပေးရန် အာဏာရှိသည်နှင့်အညီ အယူခံစီရင်ပိုင်ခွင့်အာဏာနှင့် ပြင်ဆင်မှုစီရင်ပိုင်ခွင့် အာဏာကျင့်သုံး၍ ပြင်ဆင်တည့်မတ်ပေးရန် ဖြစ်ကြောင်း၊ တရားသူကြီးများသည် တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရန် တာဝန်ရှိသူများဖြစ်ကြသည့်အတွက် နိုင်ငံတော်က ပေးအပ်သည့် တာဝန်ကို မှန်မှန်ကန်ကန် တည့်တည့်မတ်မတ် အဂတိတရားကင်းစွာဖြင့် ဆောင်ရွက်ကြရန် လိုကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေတို့တွင် ပြဋ္ဌာန်းထားသည့် လွတ်လပ်စွာ တရားစီရင်ရေးမူနှင့်အညီ ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ တစ်စုံတစ်ဦး၏ မလျော်မကန်ဖိအားပေးမှု၊ မလျော်ဩဇာအသုံးပြုမှုများကို လက်မခံဘဲ ပြည်သူ့အကျိုးအတွက် ဖြောင့်မတ်မှန်ကန်စွာ ဥပဒေနှင့်အညီ စီရင်သွားရန်နှင့် ပြစ်မှုနှင့် ပြစ်ဒဏ် ညီညွတ်မျှတစွာ စီရင်ဆုံးဖြတ်ရန် ဖြစ်ကြောင်း၊ ထို့ပြင် တရားသူကြီးများ၊ တရားရုံးအဆင့်ဆင့် ဝန်ထမ်းများ အဂတိလိုက်စားမှု မဖြစ်ပေါ်စေရေးအတွက်လည်း အစဉ်တစိုက်ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် မှာကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားရေးဦးစီးမှူးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တရားစီရင်မှုနှင့် တရားရုံးလုပ်ငန်း အခြေအနေများကို အသီးသီးတင်ပြကြရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေး မှာကြားခဲ့သည်။ (သတင်းစဉ်)

အကြိတ်အနယ်ယှဉ်ပြိုင်ပြီး မကွေးနှင့် ရတနာပုံ သရေကျ

ရန်ကုန် ဇန်နဝါရီ ၁၃

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်(၂) ပထမနေ့ပွဲစဉ်ကို ယနေ့ ညနေ ၃ နာရီခွဲက ပဒုမ္မာကွင်း၌ ကျင်းပရာ မကွေးအသင်းနှင့် ရတနာပုံအသင်းတို့ တစ်ဖက်တစ်ဂိုးစီသရေကျသွားသည်။

ရတနာပုံ - တစ်ဂိုး

(ပိုင်စိုး)

မကွေး - တစ်ဂိုး

(စိုးမင်းနိုင်)

မကွေးအသင်းနှင့် တွေ့ဆုံတိုင်း ခက်ခက်ခဲခဲကစားရလေ့ရှိသည့် ရတနာပုံအသင်းမှာ ယခုပွဲတွင်လည်း အနိုင်မကစားနိုင်ဘဲသရေတစ်မှတ်သာ ရယူနိုင်ခဲ့သည်။ အမာခံကစားသမားအချို့ အသင်းမှ ထွက်ခွာသွားသော်လည်း မကွေးအသင်း၏ စွမ်းဆောင်ရည်မှာ အကောင်းဆုံးပုံစံရှိနေပြီး အသင်းခေါင်းဆောင်နှင့် နောက်ခံလူ ဇော်မင်းထွန်း၏ ခြေစွမ်းပြ ကစားနိုင်မှုကြောင့်လည်း အမှတ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

ချန်ပီယံဟောင်း ရတနာပုံအသင်းမှာ Southern အသင်းကို အနိုင်ရခဲ့သည့် လူစာရင်းထဲမှ ဒဏ်ရာရနေသည့် ကျော်ခိုင်ဝင်းမှလွဲ၍ ရန်ပိုင်၊ အောင်ကျော်မိုး၊ ပိုင်စိုးတို့ဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲအစပိုင်းတွင် ဖိကစားနိုင်ခဲ့သည်။ ပွဲအစ ၁၁ မိနစ်မှာပင် ရတနာပုံ ဂိုးစရခဲ့ပြီး တောင်ပံကစားသမားပိုင်းက တစ်ကိုယ်တော်အစွမ်းဖြင့် သွင်းယူခဲ့ခြင်း ဖြစ်သည်။ မိနစ် ၃၀ နောက်ပိုင်းမှစ၍ မကွေးကစားကွက်ပြန်မီလာပြီး ရတနာပုံဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ အဘိုလာဂျီနှင့် ရိုဒရီဂူတို့၏ အဆုံးသတ်အားနည်းမှုကြောင့် မကွေးတို့ ပထမပိုင်းတွင် ချေပဂိုး ပြန်မရခဲ့ပေ။ မကွေးအတွက် ချေပဂိုးကို မိနစ် ၆၀ တွင် စိုးမင်းနိုင်က ထောင့်ဖြတ်အပြင်းကန်သွင်းခဲ့ခြင်းဖြစ်သည်။

ယနေ့ပွဲ

(ပဒုမ္မာကွင်း)

ရောဝတီ - ရန်ကုန်

(မုံရွာကွင်း)

ဇေယျာရွှေမြေ - ချင်း

(KBZ ကွင်း)

ကမ္ဘောဇ - ဇွဲကပင်

(NPTကွင်း)

နေပြည်တော် - မနောမြေ

(အောင်ဆန်းကွင်း)

ရက္ခပူရ - ဟံသာဝတီ

သတင်းမှတ်စုနှင့် ဓာတ်ပုံ
ရှိုင်းထက်ဇော်

မကွေးတိုက်စစ်မှူး အဘိုလာဂျီ ရတနာပုံနောက်ခံလူ အန်ဒရေကို ကျော်၍ ခေါင်းတိုက်ဂိုးသွင်းရန်ကြိုးစားစဉ်။

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ Aung Hein Min Co., Ltd. နှင့် Sumitomo Heavy Machinery က အဓိကကူညီပံ့ပိုးသော SUMITOMO GOLF CLASSIC ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယနေ့ပြိုင်ပွဲကို မန္တလေးမြို့ရှိ ရေတံခွန်တောင် ဂေါက်ကလပ်၌ ယနေ့ ဆက်လက်ကျင်းပသည်။**(အောက်ယာပုံ)**

တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီး Professional Golfers ပြိုင်ပွဲတွင် စိုးကျော်နိုင်(Srixon)က စုစုပေါင်းရိုက်ချက် ၂၀၉ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး သိန်းဇော်မြင့် (KM Golf Centre) က စုစုပေါင်းရိုက်ချက် ၂၁၀ ဖြင့် ဒုတိယလိုက်ကာ မင်းနိုင် (Srixon) က စုစုပေါင်းရိုက်ချက် ၂၁၂ ချက်ဖြင့် တတိယလိုက်နေသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် မျိုးဝင်းအောင်က စုစုပေါင်းရိုက်ချက် ၂၁၃ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ နိုင်ရဲလင်းက စုစုပေါင်းရိုက်ချက် ၂၁၆ ချက်ဖြင့် ဒုတိယလိုက်ကာ ရဲထက်အောင်က စုစုပေါင်းရိုက်ချက် ၂၁၇ ချက်ဖြင့် တတိယလိုက်နေသည်။

Senior Professional Golfer ဒုတိယနေ့ ပြိုင်ပွဲတွင် မြင့်ရွှေက စုစုပေါင်းရိုက်ချက် ၁၄၃ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ မြင့်သောင်း (PRGR) နှင့်

SUMITOMO GOLF CLASSIC
ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ ဆက်လက်ယှဉ်ပြိုင်

မြင့်သိန်းတို့က စုစုပေါင်းရိုက်ချက် ၁၄၉ ချက်စီဖြင့် ဒုတိယလိုက်နေကြသည်။

Senior Professional Golfer ပြိုင်ပွဲ၏ ဒုတိယနေ့ပြိုင်ပွဲတွင် ဦးဝင်းကြည် (စုစုအေးအောင်ဆေး)သည် ကစားဖော်များဖြစ်ကြသော နေဝင်းမြင့်၊ စိုင်းကျော်ထင်နှင့် ဦးအောင်ထွဋ်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် Titlelist Pro V1 No(2) ဘောလုံးကို Srixon Iron No(9) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၃၁ ကိုက် အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၃)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ပျဉ်းမနား ဇန်နဝါရီ ၁၃

ဒေါက်တာညီညီထူး(ထူးဆေးခန်း)သည် ပျဉ်းမနားမြို့ ရေပြာတပ်မတော်ဂေါက်ကွင်း၌ ဇန်နဝါရီ ၆ ရက်က ကစားဖော်များဖြစ်ကြသော ဦးကျော်ဝင်း(ဆိုယုဓာတ်ပုံ)၊ ဦးမျိုးလှိုင်(တော်ဝင်ရွှေဆိုင်)၊ ဦးစိုးဝင်း(လူပျိုကြီး)တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် Srixon Soft-Feel No(4) ဂေါက်သီးအား Honma Iron No(10) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၂၄ ကိုက်အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၁၆)သို့ တစ်ချက်တည်းကျင်းဝင်သွားကြောင်း သိရသည်။ (၅၈၆)

အသင်းဟောင်း အက်စတွန်ဗီလာနှင့် ရော်ဘီကိန်း နှစ်လအငှားစာချုပ်ချုပ်ဆို

လန်ဒန် ဇန်နဝါရီ ၁၃

အက်စတွန်ဗီလာအသင်းသည် ၎င်းတို့၏တိုက်စစ်မှူးဟောင်း ရော်ဘီကိန်းနှင့် နှစ်လ အငှားစာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။ ယင်းအတွက်ကြောင့် ရော်ဘီကိန်းသည် ဖေဖော်ဝါရီ ၂၅ ရက်အထိ ဗီလာတွင်ရှိနေမည်ဖြစ်သည်။

ရော်ဘီကိန်းသည် ၁၉၉၉ ခုနှစ်တွင် ဝုဗ်ဟာဟမ်တန်အသင်းမှ ဗီလာသို့ ပြောင်းရွှေ့ကစားခဲ့သည်။ ယင်းအပြင် ၎င်းသည် လိဗ်ယူနိုက်တက်နှင့် လီဗာပူးအသင်းတို့တွင်လည်း ကစားခဲ့သေးသည်။ ယခုလက်ရှိအချိန်တွင် ကိန်းသည် မေဂျာလိဂ်ကလပ် အယ်လ်အေဂလက်ဆီအသင်းတွင် ကစားနေသူဖြစ်သည်။ မေဂျာလိဂ်ပြိုင်ပွဲများမှာ ယခုလက်ရှိအချိန်တွင် ရပ်နားထားပြီး မတ်လမှသာ ပြန်လည်စတင်မည်ဖြစ်၍ ရော်ဘီကိန်းသည် ယခုကဲ့သို့ ပရီမီယာလိဂ်သို့ တစ်ကျော့ပြန် လာရောက်ကစားခြင်းဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ရော်ဘီကိန်းက ယခုကဲ့သို့ ပရီမီယာလိဂ်သို့ ပြန်လည်ခြေချနိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ မိမိ၏ စာချုပ်သက်တမ်းမှာ တိုတောင်းလှပါကြောင်း၊ သို့သော် ငြားလည်း ယင်းကာလတိုအတွင်း ဗီလာအသင်းအတွက် အကောင်းဆုံး စွမ်းဆောင်သွားမည် ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ **အင်တာနက်။**

အသင်းဟောင်း အက်စတွန်ဗီလာနှင့် နှစ်လအငှားစာချုပ်ချုပ်ဆိုခဲ့သည့် ရော်ဘီကိန်း။

ဟိန်းထက်လင်း

မန်စီးတီးတိုက်စစ်မှူး ဘာလော့တယ်လီ။

ပေါင် သန်း ၆၀ တန် ဘာလော့တယ်လီကို မည်သည့်အသင်းမှ မခေါ်နိုင်ဟု ၎င်း၏အေးဂျင့်က ပြောကြား

မန်ချက်စတာ ဇန်နဝါရီ ၁၃

မန်စီးတီးတိုက်စစ်မှူး ဘာလော့တယ်လီသည် အသင်းနှင့် စာချုပ်သစ်ထပ်မံချုပ်ဆိုရန် အသင့်ဖြစ်နေကြောင်း သိရသည်။ ၎င်း၏အေးဂျင့်ဖြစ်သူ မီနိုရိုင်အိုလာက ဘာလော့တယ်လီမှာ ပေါင်သန်း ၆၀ တန်သဖြင့် အီတလီအသင်းများအနေဖြင့် ၎င်းကိုခေါ်ယူရေးအတွက် မစဉ်းစားသင့်ကြောင်း သတိပေးပြောဆိုခဲ့သည်။

ဆက်လက်၍ မီနိုက ဘာလော့တယ်လီမှာ လက်ရှိ မန်စီးတီးအသင်းတွင် ရှိနေကြောင်း၊အသင်းနှင့် စာချုပ်သစ်ထပ်မံချုပ်ဆိုလိမ့်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းကို စီးရီးအေသို့ ခေါ်ယူရေးမှာ လွယ်ကူသောကိစ္စမဟုတ်ကြောင်း ပြောကြားခဲ့သည်။

အသက် (၂၁)အရွယ် ဘာလော့တယ်လီသည် မန်စီးတီးသို့ ၂၀၁၀ ခုနှစ်က ပြောင်းလာခဲ့ပြီး ယခုလက်ရှိ မန်စီးတီးအသင်းနှင့် ချုပ်ဆိုထားသည့်စာချုပ်မှာ သုံးနှစ်ခန့်ကျန်ရှိနေသေးသည်။ သို့သော် ၎င်းအား အီတလီစီးရီးအေ ထိပ်သီးကလပ်များဖြစ်သည့် အေစီမီလန်နှင့် အင်တာမီလန်တို့က ခေါ်ယူရန် စိတ်ဝင်စားနေကြသည်။

ထို့ပြင် အေစီမီလန်အသင်းသည် မန်စီးတီးတိုက်စစ်မှူး ကာလို့စ်တီဗက်ဇ်အား ခေါ်ယူနိုင်ရေးအတွက် ၎င်းတို့၏ အသက်(၁၉)နှစ်အရွယ် လူငယ်ကစားသမား အလက်ဇန္ဒားမာကယ်လ်ကို အလိုက်ပေး၍ ထပ်မံကမ်းလှမ်းလာပြန်သည်။ ယင်းအပြင် အင်တာမီလန်အသင်းကလည်း တီဗက်ဇ်ကို အပြီးသတ်ဝယ်ယူရန် မန်စီးတီးအသင်းထံ ကမ်းလှမ်းလာသေးသည်။ **အင်တာနက်။**

နိုင် ငံ တ ကာ အ နု ပ ညာ ရပ် ဝန်း

ချာရေလ်ကိုးလ်နှင့် ပူးတွဲသီဆိုဦးမှာလား ရီဟန်နာ

နာမည်ကျော်တေးသံရှင် ရီဟန်နာက ဗြိတိသျှနာမည်ကျော်အဆိုတော် ချာရေလ်ကိုးလ်**(ယာပုံ)**နှင့် ပူးတွဲ၍ Girls Aloud အမျိုးသမီးတေးဂီတအဖွဲ့၏ တတိယမြောက် တေးအယ်လ်ဘမ်အတွက် သီဆိုဖျော်ဖြေပေးရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း အင်တာနက်သတင်းများတွင် ဖော်ပြသည်။

We Found Love တေးသီချင်းအဆိုတော် ရီဟန်နာက ချာရေလ်ကိုးလ်နှင့်အတူ ပူးပေါင်း၍ စုပေါင်းသီဆိုရသော သီချင်းတစ်ပုဒ်သီဆိုရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

"ယခုနှစ်ဟာ ချာရေလ်ကိုးလ်အတွက် အောင်မြင်မှုတွေ အမြောက်အမြား ရရှိမယ့်နှစ်တစ်နှစ်ပါ။ ကိုးလ် ဟာ လွန်ခဲ့တဲ့ ၁၂ လလောက်ကတည်းက သူမ၏ Girls Aloud တေးဂီတအဖွဲ့၏ ကြိုးစားသီဆိုလေ့ကျင့်ထားသည့် ဂီတတေးသွားများကို နားဆင်ရန် မစောင့်ဆိုင်းနိုင်လောက်အောင် ဖြစ်နေပါတယ်။ ကိုးလ်ဟာ အရင်ကတည်းက အဆိုတော် ရီဟန်နာနဲ့ ရင်းနှီးပြီးသား မိတ်ဆွေတွေပါ။ ရီဟန်နာကလည်း ကိုးလ်နဲ့ ပူးတွဲသီဆိုဖို့ မျှော်လင့်ထားပါတယ်" ဟု ချာရေလ်ကိုးလ်နှင့် နီးစပ်သူ အသိုင်းအဝိုင်းက The Mirror သတင်းစာသို့ ပြောကြားသည်။

ချာရေလ်ကိုးလ်သည် သူမ၏ တေးအယ်လ်ဘမ်သစ်အတွက် Taio Cruz ၊ Alex Da Kid တို့နှင့်အတူ လှုပ်ရှားနေသကဲ့သို့ Nicki Minaj၊ Usher နှင့် Eminem တို့နှင့်လည်း ဆက်သွယ်လျက်ရှိသည်။

လွန်ခဲ့သည့် သီတင်းပတ်အတွင်း ဖော်ပြခဲ့သော သတင်းများအရ ချာရေလ်ကိုးလ်သည် သူမ၏ တေးအယ်လ်ဘမ်အတွက် ယုံကြည်မှုရှိနေသကဲ့သို့ ယင်းတေးအယ်လ်ဘမ်ကို မတ်လတွင် ဖြန့်ချိနိုင်ရန် မျှော်လင့်ထားသည်။**အင်တာနက်။**

အောဝမ်းစိုး

ရေကြောင်းသတိပေးချက် ထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော South -East Asia Pipeline Company Limited သည် ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်းအနီးရှိ မဒဲကျွန်းဒေသ၌ ပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပြီး ရမ်းဗြဲကျွန်းအရှေ့ဘက် မဒဲကျွန်းမှ ကျောက်ဖြူရွာ ကျင်းရီတောင်သို့ သွယ်တန်းမည့် ရေအောက်ပိုက်လိုင်းလမ်းကြောင်းအား Trenching နှင့်Backfilling လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် Dredger Dharti-XXIV နှင့် Dredger Dharti-XI တို့ဖြင့် ဇန်နဝါရီ ၁၅ ရက်မှ မေ ၃၁ ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်သည်။

တိုင်းတာရေးရေယာဉ် Dredger Dharti-XXIV နှင့် Dredger Dharti-XI တို့ဖြင့် ရမ်းဗြဲကျွန်းအရှေ့ဘက် မဒဲကျွန်းမှ ကျင်းရီတောင်သို့ သွယ်တန်းမည့် ရေအောက်ပိုက်လိုင်းလမ်းကြောင်းအား Trenching နှင့် Backfilling လုပ်ငန်းဆောင်ရွက်မည့် လမ်းကြောင်းတည်နေရာများမှာ Gas Pipeline Start Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၂၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၀ မိနစ် ၅၆ စက္ကန့်၊ End Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၄ မိနစ် ၀၃ စက္ကန့်၊ Oil Pipeline Start Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၀ မိနစ် ၅၆ စက္ကန့်၊ End Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၄ မိနစ် ၀၃ စက္ကန့်နှင့် Optical Fibre Cable, Start Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၀ မိနစ် ၅၅ စက္ကန့်၊ End Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၂၈ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၄ မိနစ် ၀၃ စက္ကန့်အထိဖြစ်သည်။

သို့ဖြစ်၍ ရမ်းဗြဲကျွန်းအရှေ့ဘက် မဒဲကျွန်းမှ ကျင်းရီတောင်သို့ သွယ်တန်းမည့် ရေအောက်ပိုက်လိုင်း လမ်းကြောင်းအား Trenching နှင့် Backfilling လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် Dredger Dharti-XXIV နှင့် Dredger Dharti-XI တို့ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလမ်းကြောင်းတစ်လျှောက် ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထား၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှုအကြိမ် ၉၀ ဖြစ်ပွားခဲ့

ရန်ကုန် ဇန်နဝါရီ ၁၃

၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်း နိုင်ငံတစ်ဝန်း မီးဖိုမီး/ပေါ့ဆမီး ၅၇ ကြိမ်၊ အလိုအလျောက်မီး တစ်ကြိမ်၊ လျှပ်စစ်မီး ၂၉ ကြိမ်နှင့် ရှို့မီး သုံးကြိမ် စုစုပေါင်း အကြိမ် ၉၀ ဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် အိမ်ခြေအဆောက်အအုံ ၃၀၆ လုံးနှင့် အလုပ်ရုံ ၁၈ ရုံ မီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၂၂၁၂ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ ၉၂ ဦး ဒဏ်ရာရပြီး ၂၂ ဦးသေဆုံးခဲ့ရသည်။

မီးသတ်ဦးစီးဌာနအနေဖြင့် မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိချိန်တွင် ပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများအနေဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းမှန်သမျှတွင် ပူးပေါင်းပါဝင်ကြရန် အထူးလိုအပ်မည်ဖြစ်ကြောင်း မီးသတ်ဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

(ကိုချစ်)

ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့် ငြိမ်းချမ်းရေးတည်ဆောက်ရန် ပဏာမသဘောတူညီချက်(၅)ချက် လက်မှတ်ရေးထိုးပြီးဖြစ် နှစ်ဖက်နားလည်မှု တည်ဆောက်နေချိန်တွင် ပစ်ခတ်တိုက်ခိုက်မှုများရပ်ဆိုင်းထားရန် နိုင်ငံတော်သမ္မတက ညွှန်ကြား

နေပြည်တော် ဇန်နဝါရီ ၁၃

နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အရ နိုင်ငံတော်အစိုးရသို့ ငြိမ်းချမ်းရေးကမ်းလှမ်းလာသော ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့် ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ကရင်ပြည်နယ် အစိုးရ၏ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် KNU ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် ဇန်နဝါရီ ၁၂ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့၌ ပဏာမသဘောတူညီချက်(၅)ချက်အား သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်သည်။

ဤသို့ ပဏာမအဆင့် သဘောတူလက်မှတ်ရေးထိုးပြီးဖြစ်၍ နှစ်ဖက်နားလည်မှု တည်ဆောက်နေချိန်တွင် ဆက်စပ်လျက်ရှိသည့် မိမိတပ်စခန်းများနှင့် လှုပ်ရှားစစ်ကြောင်းအသီးသီးတို့အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်ဆိုင်းထားရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အား နိုင်ငံတော်သမ္မတရုံးမှ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သို့ ယနေ့ရက်စွဲဖြင့် ပေးပို့ထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ပဏာမသဘောတူညီချက် လက်မှတ်ရေးထိုး

နေပြည်တော် ဇန်နဝါရီ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး ဖိတ်ခေါ်ချက်အရ နိုင်ငံတော်အစိုးရသို့ ကမ်းလှမ်းလာသော ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU)ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့၏ ပဏာမ သဘောတူညီလက်မှတ်ရေးထိုးပွဲကို ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ဟိုတယ်၌ ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်း၊ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်၊ မွန်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးငွေးမြင့်အောင်၊ ပဲခူး တိုင်းဒေသကြီး **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✳

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးတို့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပဏာမသဘောတူညီချက်(၁၁)ချက်ကို လက်မှတ်ရေးထိုးကာ အပြန်အလှန်လဲလှယ်ကြစဉ်။
(သတင်းစဉ်)

အကျဉ်းသား (၆၅၁) ဦးအား အကျဉ်းထောင်အသီးသီးမှ လွှတ်ပေးခဲ့ခြင်းကို ကော်မရှင်က ကြိုဆို

နိုင်ငံတော်သမ္မတ၏ မေတ္တာ စေတနာကို လေးစားဂုဏ်ယူမိ

နေပြည်တော် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက် တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ထုတ်ပြန်ချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးနှင့် အမျိုးသား စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်နေသည့် အခါသမယတွင် တည်ဆဲဥပဒေကို ချိုးဖောက်သဖြင့် အကျဉ်းထောင်အသီးသီး၌ ကျခံနေသော အကျဉ်းသားများအနက် နိုင်ငံတော်တည်ငြိမ်ရေးနှင့် အများပြည်သူ အေးချမ်းသာယာရေးကို လည်းကောင်း၊ တိုင်းရင်းသားအကျိုးစီးပွားကို လည်းကောင်း ထိပါးမည့်အန္တရာယ် မရှိနိုင်သည့် အကျဉ်းသားများကို နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ရန် အလို့ငှာ ၎င်းတို့ ကျခံနေရသော ပြစ်ဒဏ်အသီးသီးမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး အကျဉ်းထောင်မှ လွတ်ပေးရေးကို အလေးထားစဉ်းစားပေးပါရန် နိုင်ငံတော်သမ္မတထံ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က မေတ္တာရပ်ခံတင်ပြခဲ့ပါသည်။

၂။ ယင်းကဲ့သို့ မေတ္တာရပ်ခံတင်ပြခဲ့ပြီးနောက် နိုင်ငံတော်သမ္မတအနေဖြင့် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် အကျဉ်းကျနေသူ(၆၃၅၉)ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ပြီး ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ဖြင့် အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားများကို ၎င်းတို့ကျခံနေသော ပြစ်ဒဏ်အသီးသီးမှ လျှော့ပေါ့ကျခံစေခဲ့ပါသည်။ ယခုတစ်ဖန် နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ဖြင့် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် အကျဉ်းသား(၆၅၁)ဦးအား အကျဉ်းထောင်အသီးသီးမှ လွှတ်ပေးခဲ့ခြင်းကို ကော်မရှင်က ကြိုဆိုပါသည်။ နိုင်ငံတော်သမ္မတ၏ မေတ္တာ စေတနာကို လေးစားဂုဏ်ယူမိပါသည်။

၃။ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် လွှတ်ပေးခဲ့သည့် အကျဉ်းသား(၆၅၁)ဦးအနက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နှင့် နိုင်ငံအချို့တို့က လွှတ်ပေးရန် မျှော်လင့်တောင့်တသော အကျဉ်းသားများ ပါရှိကြောင်း သိရှိရသဖြင့် ကျေနပ်မိပါသည်။ ၎င်းတို့ကို လွှတ်ပေးခဲ့ခြင်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် နိုင်ငံအချို့တို့၏ မျှော်လင့်တောင့်တမှုလည်း ပြည့်မြောက်စေသည်ဟု ကော်မရှင်က ခံယူပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆